# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၂၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ ပုဂ္ဂိုလ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ပြည်ပခရီးစဉ်ကိစ္စ။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကျန်းမာရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ နာရေးကိစ္စ။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးကျော်နုမော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးတင်မောင်ဝင်း၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်၊ သင်တန်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကော်မတီတာဝန်။ ဦးကော်ရိုင်း၊ ကယား(၉)၊ မိသားစုကိစ္စ တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံတွင် အရက်သေစာသောက်စားခြင်း၊ သယ်ဆောင် ရောင်းဝယ်ခြင်း၊ လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အနိမ့်ဆုံး အသက်အရွယ် ကန့်သတ်ချက်နှင့် အလွန်အကျွံ သောက်သုံး ခြင်းနှင့် စပ်လျဉ်းသည့် ပညာပေးတားဆီး လှုံ့ဆော်ရေး အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် က မြန်မာနိုင်ငံ တွင် အရက်သေစာသောက်စားခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်း နှင့် စပ်လျဉ်းသည့် အနိမ့်ဆုံးအသက်အရွယ်ကန့်သတ်ချက်နှင့် အလွန်အကျွံသောက်သုံးခြင်းနှင့် စပ်လျဉ်း

သည့် ပညာပေးတားဆီး လှုံ့ဆော်ရေး အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ မြန်မာနိုင်ငံမှာ အရက်သောက်စားခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းနဲ့ စပ်လျဉ်းတဲ့ အနိမ့်ဆုံး အသက်အရွယ် ကန့်သတ်ချက်နှင့် အလွန်အကျွံ သောက်သုံးခြင်းနဲ့ စပ်လျဉ်းသည့် ပညာပေးတားဆီး လှုံ့ဆော်ရေး အစီအစဉ်နဲ့ ပြုလုပ်ဆောင်ရွက်ပေးဖို့ နိုင်ငံတော်အစိုးရအား တိုက်တွန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မေးမြန်းလိုပါတယ်။ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ပြည်ထောင်စုဝန်ကြီးများ အားလုံးကိုလည်း ကျွန်တော်လေးစားဂါရဝပြုပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာ နိုင်ငံမှာ ကမ္ဘာပေါ်မှာရှိတဲ့ လူသားများနဲ့အတူ ကမ္ဘာပေါ်မှာရှိတဲ့ လူသားများ အရက်သေစာ သောက်စားလို့ နှစ်စဉ်လူရဲ့ သေနှုန်းဟာ (၂.၅)သန်း ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ရဲ့ ထုတ်ပြန်ချက်အရ သိရှိရပါတယ်။ အဲဒီသေနှုန်းဟာ AIDS ဖြစ်ပွားမှုနဲ့ ဒီ အဆုတ်ရောဂါ ဖြစ်ပွားမှု သေနှုန်း ထက် အများကြီးပိုတယ်ဆိုတဲ့အကြောင်းကိုလည်း ဒီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ထုတ်တဲ့ စာစောင်အရ သိရှိရပါတယ်။ အဲဒီတော့ ဒီ အရက်သေစာသောက်စားခြင်းဟာ လူရဲ့အကျိုးကို လုံးဝမပြုတဲ့အပြင် လူများကို ပြဿနာပေါင်းမြောက်များစွာ ဖြစ်ပေါ်စေတဲ့ အရာဖြစ်တယ်။ အဲဒီတော့ လူ့ရဲ့ အသက်ရှင် နေထိုင်နေတဲ့ အချိန်ကာလမှာလည်း ရောဂါဝေဒနာမြောက်များစွာ ခံစားစေတတ်ပါတယ်။ အထူးသဖြင့် နှလုံးရောဂါတို့၊ သွေးတိုးရောဂါတို့ နောက် ကျွန်တော်တို့ အခြားရောဂါ၊ ဒါတွေက အားလုံးသိရှိ ပြီးသားဖြစ်ပါတယ်။ ဒီလိုရောဂါများ ဖြစ်ပွားစေတဲ့အပြင် ကျွန်တော်တို့ နိုင်ငံအတွင်းမှာလည်းပဲ မလိုလားအပ်တဲ့ ပြဿနာတွေလည်း ဖော်ဆောင်ပေးတတ်တဲ့ လှုံ့ဆော်မှုတစ်ရပ်လည်း ဖြစ်တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

အဲဒီအရက်သောက်စားခြင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်းပဲ သောက်သုံးတာ အနည်းငယ်ပိုပြီးတော့ များပြားတာကိုလည်း ကျွန်တော့်အနေနဲ့ လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့ ဒီ အရက်သောက်စားခြင်းဟာ လူ့ရဲ့အိမ်ထောင်၊ လူ့အဖွဲ့အစည်းအတွင်းမှာလည်း ပြဿနာ မြောက်များစွာ ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် ဒီလိုဆိုးကျိုးတွေကို ကျွန်တော်တို့ တွေ့ရှိရတဲ့အချိန်မှာ လူ့အဖွဲ့အစည်းကို ရှုပ်ထွေးပွေလီစေပြီးတော့ နိုင်ငံတစ်ခုရဲ့ လူ့စွမ်းအားအရင်းအမြစ်ကိုလည်း ဆုံးရှုံးစေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီလို ဖြစ်ပွားတတ်တာက ကျွန်တော်တို့ နိုင်ငံတွင်သာ မဟုတ်ဘဲ ကမ္ဘာတစ်ခုလုံးကလည်း ဒီပြဿနာတွေကို ကြုံတွေ့နေရတယ်။ ဒါပေမဲ့ ဒီလိုကြုံတွေ့တဲ့ နေရာမှာ အခြားနိုင်ငံများဟာ ကမ္ဘာနိုင်ငံများ အားလုံးနီးပါး ဒီ အရက်သောက်စားခြင်းနှင့် စပ်လျဉ်းပြီးတော့ ဒီ အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်မှုတွေပြုတာကို လေ့လာတွေ့ရှိရပါတယ်။ ဟိုမှာ အသက်အရွယ် ကန့်သတ်တဲ့နေရာမှာ ဥပမာ အမေရိကန်နိုင်ငံတို့ ဘာတို့ဆိုရင် အသက်(၂၁)လောက်ကနေစပြီးတော့

ကန့်သတ်တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ တခြားနိုင်ငံတွေမှာ အသက်(၁၈)နှစ်၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံတော့ မတူညီကြပါဘူး။

အဲဒီလို အရက်သောက်စားခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ လုပ်ကိုင်ခြင်းနဲ့ပတ်သက်ပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးက အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ထားတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဒီ သောက်စားဖို့နဲ့ စပ်လျဉ်းပြီးတော့ အသက်အရွယ်ကန့်သတ်မှု မရှိတာကတော့ ကျွန်တော်တို့ တရုတ်နိုင်ငံတို့လို လောက်ပဲ၊ အနည်းငယ် နိုင်ငံအနည်းအကျဉ်းတွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီ လူငယ်တွေ များသောအားဖြင့် သောက်စားတာကို ကျွန်တော်ကိုယ်တိုင်မြင်တွေ့လေ့လာ သိရှိရပါတယ်။ ကျွန်တော်တို့တွေနိုင်ငံမှာ ဘာဖြစ်လို့ အရက်ကို အလွယ်တကူသောက်နေ ကြသလဲဆိုတော့ အရက်ကို ကျွန်တော်တို့ နေရာတကာ ဝယ်လို့လွယ်တယ်။ ထိုင်လို့ လွယ်တဲ့နေရာတွေမှာလည်းပဲ ရောင်းချတာတွေကို ကျွန်တော်တို့ တွေ့ရှိရတယ်။ နောက်ပြီးတော့ နိုင်ငံရဲ့အနေအထားအရ အသက်အရွယ် အင်မတန်ငယ်တဲ့သူတွေ ဆိုင်မှာ ထိုင်ရောင်းတာတွေ၊ စားသောက်ဆိုင်မှာရောင်းတာတွေ၊ မိန်းကလေး အပါအဝင် လူငယ်အသက်အရွယ် (၁၄)၊ (၁၅)နှစ်ပင် မပြည့်သေးဘူး အဲဒီလို ရောင်းဝယ်သောက်စားနေကြတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

ဒီအပြင် ကျွန်တော်တို့ ဒီ အရက်က အဲဒီလိုရောဂါတွေများများစားစား ရတတ်ကြတယ်ဆိုတာက ဒီ အရက်ကို ဒီ မသမာသောနည်းနဲ့ ဖော်စပ်တာတို့၊ ရောင်းဝယ်တာတို့လည်း ရှိတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီ အရက်သောက်စားခြင်း အလွယ်တကူ ရောင်းဝယ်ခြင်းကိစ္စများရှိလာတဲ့အချိန်မှာ လူတွေလည်း အလွယ်တကူသောက်စားခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ နိုင်ငံအနေနဲ့ အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ဖို့ လိုအပ်တယ်လို့ ထင်မြင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ လိုင်စင်ထုတ်ပေးတဲ့ အနေအထားတွေကိုလည်း စိစစ်ပြီးတော့ တိတိကျကျ၊ လိုင်စင်မဲ့ကိစ္စတွေကိုလည်း ကျွန်တော်တို့ စုံစမ်းပြီးတော့၊ အရေးယူပြီးတော့ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒီ အရက်သောက်စားခြင်းတွေနဲ့ ပတ်သက်ပြီးတော့ ဒီနိုင်ငံတကာမှာလည်းပဲ အခြားနိုင်ငံတွေက အဲဒီလို လူငယ်လူရွယ်တွေ ဝင်/ထွက်တဲ့ နေရာမှာလည်းပဲ အရက်ရဲ့ ပိုစတာတွေကို မချိတ်ဆွဲထားဖို့ စတဲ့ စည်းမျဉ်းစည်းကမ်းတွေကိုလည်း သတ်မှတ်ပေးပါတယ်။ နောက် အရက်သေစာသောက်စားခြင်းအားဖြင့် ဘယ်လို အကျိုးယုတ်တယ်ဆိုတဲ့ အကြောင်းကိုလည်း ဒါ လူငယ်လူထုများအကြား သိရှိအောင် စည်းရုံးလှုံ့ဆော်တဲ့ လုပ်ငန်းတွေလည်း လုပ်ဆောင်တာကို တွေ့ရှိရပါတယ်။ အဲဒီအခြေအနေကို တွေ့ရှိတဲ့အချိန်မှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်းပဲ ဒီလိုလုပ်တာရော ပိုမကောင်းဘူးလားလို့ ကျွန်တော်ကိုယ်ကို ကျွန်တော်စဉ်းစားမိလို့ ဒါကြောင့်မို့လို့ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံတွင် အရက်သေစာသောက်စားခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းနဲ့ လုပ်ငန်းလိုင်စင်များထုတ်ပေးခြင်းနဲ့ စပ်လျဉ်းသည့် အနိမ့်ဆုံး အသက်အရွယ်ကန့်သတ်ချက်နှင့် အလွန်အကျွံသောက်သုံးခြင်းနဲ့ စပ်လျဉ်းသည့် ပညာပေးတားဆီးလုပ်ဆောင်ရေးအစီအစဉ် ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်မှူးချုပ်ကျော်ဖုံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဖုံမြင့် ဖြစ်ပါတယ်။ ကျွန်တော် ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်း၍ ကျွန်တော်ကပဲ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အရက်သောက်စားခြင်းကို အနိမ့်ဆုံးအသက်အရွယ်ကန့်သတ်ချက်နဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မည်သည့်အသက်အရွယ်မှ စတင်အရက်သောက်သုံးနိုင်ကြောင်း ဥပဒေ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာ မရှိပေမယ့်လည်း ယစ်မျိုးနည်းဥပဒေအရ အရက်ရောင်းချရာတွင် ကူညီ ဆောင်ရွက်ရန် အသက်(၁၆)နှစ်ရှိသူအား လိုင်စင်အရ ဆိုင်ပိုင်နက်အတွင်း ခိုင်းစေခြင်း မပြုရဟူ၍လည်းကောင်း၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ အရက်ရောင်းချခြင်း မပြုရဟူ၍လည်းကောင်း၊ အသက်ကန့်သတ် ထားရှိပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ/နိုင်ငံသားများအနေဖြင့် မိမိတို့ရဲ့ လူမျိုးစရိုက်၊ ကိုးကွယ်တဲ့ အယူဝါဒ အပေါ် ထားရှိတဲ့ သဘောထား၊ မျိုးရိုးဓလေ့ထုံးစံတို့အပေါ်မှာ အခြေခံပြီးတော့ အရက်သေစာ သောက်စားလေ့ရှိတာကိုလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ သောက်သုံးမှုကို ဥပဒေအရ အသက်ကန့်သတ်ခြင်း၊ ကျား/မကန့်သတ်ခြင်း ပြုလုပ်နိုင်မှု မရှိပါကြောင်းနှင့် ကန့်သတ်ရာမှာလည်း မည်သို့မျှ သင့်လျော်မှု လွယ်ကူနိုင်မှု မရှိနိုင်ပါကြောင်း လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာအရ သက်ဆိုင်ရာ မိဘများ၊ ဆွေမျိုးများ၊ ဆရာ/ဆရာမများက ထိန်းကျောင်းပေးတဲ့ နည်းလမ်းသာ ရှိပါကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ယစ်မျိုးစီမံခန့်ခွဲမှု လုပ်ငန်းများကို ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးဥပဒေ၊ ယစ်မျိုးအက်ဥပဒေ ၁၉၂၈ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးနည်းဥပဒေ၊ ၁၉၂၉ ခုနှစ်၊ ယစ်မျိုးညွှန်ကြားချက်များ၊ ၁၉၁၇ ခုနှစ်၊ ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာများ၊ ၁၉၆၁ ခုနှစ်၊ ယစ်မျိုးလက်စွဲတို့ကို ကျင့်သုံးပြီး ယစ်မျိုးစီမံခန့်ခွဲခြင်းနဲ့ ယစ်မျိုးခွန်ကောက်ခံခြင်းလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်းကောင်း၊ ယစ်မျိုးမှုခင်းများ စုံစမ်းထောက်လှမ်းခြင်း၊ ဖမ်းဆီးတရားစွဲဆိုခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်းကောင်း၊ ယစ်မျိုးဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ခြင်းလုပ်ငန်းများကို တရားရုံးအဆင့်ဆင့်မှလည်းကောင်း ယစ်မျိုးအက်ဥပဒေအရ ဆောင်ရွက်လျက်ရှိပါတယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

အနေနဲ့ အရက်သေစာသောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်း မရှိစေရန် သေရည်သေရက်ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေဘဲ အရက်များအပေါ်တွင် အခွန်ကြီးမြှင့်နိုင်သမျှ ကြီးမြှင့်ကောက်ခံရန်။ မူးယစ်စေတတ်သော သေရည်သေရက်ကို ရောင်းချခြင်းမှာ အခွန်ငွေရရှိစေရန် အလို့ငှာမဟုတ်ဘဲ ယင်းကို သောက်သုံးခြင်း၊ သုံးစွဲခြင်းဖြင့် သုံးစွဲခြင်း ခေါင်းပါးစေရန် သေရည်သေရက် ရောင်းချခြင်းကို အခွန်ကောက်ခံသည်ဟု အမြဲနှလုံးသွင်းစေရန်ဆိုတဲ့ မြန်မာနိုင်ငံယစ်မျိုးဆင့်ဆိုချက်များတွင် ချမှတ်ထားတဲ့ ယစ်မျိုးမူဝါဒနဲ့ အညီ ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ယစ်မျိုးလုပ်ငန်းမူဝါဒအပေါ် အခြေခံပြီးတော့ ဓာတ်ပေါင်းဖိုဖြင့် အရက်ချက်လုပ်ခြင်းလုပ်ငန်းကို ဖြစ်နိုင်သမျှ ဖျက်သိမ်းရန်၊ ဗဟိုအရက်ချက်စက်ရုံတည်ထောင်ချက်လုပ်ခြင်းကို တဖြည်းဖြည်းအားပေးသွားရန်၊ ပြည်တွင်းဖိုအတွက် ချက်အရက်အပေါ် အခွန်ကြီးမြှင့်နိုင်သမျှ ကြီးမြှင့် ကောက်ခံရန်၊ သို့ရာတွင် ပြည်ပမှ တင်သွင်းလာသော အရက်များထက် အခွန်နှုန်းမများစေရန်၊ ခွင့်ပြုအရက်ဆိုင်အရေအတွက်ကို ကန့်သတ်ထားရှိရန်၊ တရားမဝင်ယစ်မျိုးလုပ်ငန်းမှန်သမျှကို ကြိုးစားနှိမ်နင်းရန်၊ ယစ်မျိုးတာဝန်ခံများအနေဖြင့် ယစ်မျိုးလုပ်ငန်းများကို တတ်နိုင်သမျှ အနီးကပ်ကြီးကြပ်ရန်ဆိုတဲ့ ယစ်မျိုးဆိုင်ရာ အခြေခံမူများကို အမိန့်ဆင့်ဆိုချက်များနှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယစ်မျိုးလိုင်စင်စည်းကမ်းသတ်မှတ်ချက်များနဲ့ပတ်သက်ပြီး သောက်ပျော်သော အရက်လိုင်စင်ချပေးရာမှာလည်း ၁၉၂၈ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ ၂၁ -၁ အရ လိုင်စင်ရှိသူသည် ခွင့်ပြုသည့်အရက်ကိုသာ ခွင့်ပြုသည့်နေရာ၌ ရောင်းရမည်။ ယစ်မျိုးနည်းဥပဒေ ၂၁-၂ အရ လိုင်စင်ရရှိထားသူသည် လိုင်စင်တွင် ဖော်ပြထားသော ဥပစာ နေရာတွင် လိုင်စင်ပေးထားသည့် အရက်မှတစ်ပါး အခြားအရက်များ မရောင်းရ၊ လက်ဝယ်မထားရ။ ယစ်မျိုးနည်းဥပဒေ ၂၁-၃ အရ နိုင်ငံခြားအရက် ရောင်းချခွင့် လိုင်စင်ရှိသူသည် ပုလင်းသွင်းထားရှိသော နိုင်ငံခြားအရက်ကို မြန်မာနိုင်ငံ ကုန်သွယ်မှုအက်ဥပဒေအရ အမှတ်အသားတပ်ပြီးမှသာ ရောင်းချရမည်။ ယစ်မျိုးနည်းဥပဒေ ၂၁-၄ အရ လိုင်စင်ရရှိထားသူသည် ဆိုင်ဥပစာအတွင်း လက်ရှိထားခြင်း၊ ရောင်းချခြင်း မပြုရ၊ ယစ်မျိုးမင်းကြီးက တားမြစ်ထားသော အရက်ကို ရောင်းချခြင်း မပြုရ။ ယစ်မျိုးနည်းဥပဒေ ၂၁-၅ အရ လိုင်စင်ရရှိထားသူသည် အရက်ရောင်းချရာတွင် ကူညီရောင်းချရန်အတွက် အသက်(၁၆)နှစ်အောက်ရှိသူ၊ ကူးစက်ရောဂါရှိသူ၊ ခိုင်းစေရန် ကော်လိတ်တော်အရာရှိက ခွင့်မပြုသူတို့ကို လိုင်စင်ရ အရက်ဆိုင်ပိုက်နက်အတွင်း ခိုင်းစေခြင်းမရှိစေရ၊ ယစ်မျိုးနည်းဥပဒေ ၂၁-၆ အရ စားသောက်ဆိုင် သို့မဟုတ် နားနေခန်းများ၌ ဖွင့်လှစ်သော အရက်ကောင်တာများတွင် လခနဲ့သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း၊ အရက်၊ ထန်းရည် ရောင်းချရန် သို့မဟုတ် အကူရောင်းချရန် အမျိုးသမီးများကို မငှားရမ်းရ။ ယစ်မျိုးနည်းဥပဒေ ၂၁-၆ အရ လိုင်စင်ရရှိထားသူသည် ယူနီဖောင်းဝတ် တပ်မတော်သား၊ ယူနီဖောင်းဝတ် ရဲအရာရှိ၊ ယူနီဖောင်းဝတ် အကောက်အခွန်အရာရှိ၊ တာဝန်ကျ မီးရထားဝန်ထမ်း၊ ရူးသွပ်နေသူ၊ အရက်အလွန်အကျွံမူးနေသူ၊ အသက်(၁၈)နှစ်အောက်ရှိသူတို့ကို သွယ်ဝိုက်၍ ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ အရက်ရောင်းချခြင်း မပြုရ။ ယစ်မျိုးနည်းဥပဒေ ၂၁-၈ အရ အရက်လိုင်စင်ရရှိထားသူသည် အရက်ကို အဝတ်အစားနှင့် လဲလှယ်မရောင်းရ။ ယစ်မျိုးနည်းဥပဒေ ၂၁-၉ အရ လိုင်စင်ရရှိသူသည် စစ်တပ်စခန်းချခြင်း၊ စစ်တပ်ဖြတ်သန်းသွားခြင်းကြောင့် သက်ဆိုင်ရာ အာဏာပိုင်က အရက်ဆိုင်ကို ပိတ်ထားရန် ညွှန်ကြားလျှင် ပိတ်ထားရမည်။ ယစ်မျိုးနည်းဥပဒေ ၂၁-၁၀ အရ ကော်လိတ်တော်အရာရှိ၏ စာဖြင့် ခွင့်ပြုချက်မရဘဲ ဆိုင်ဥပစာကို တစ်ဆင့်

ငှားရမ်းခြင်း၊ လိုင်စင်လွှဲပြောင်းခြင်း မပြုရ၊ ယစ်မျိုးနည်းဥပဒေ ၂၁-၁၁ အရ ယစ်မျိုးအရာရှိက တောင်းခံလာလျှင် လိုင်စင်ကို ထုတ်ပေးရမည်။ ယစ်မျိုးနည်းဥပဒေ ၂၂ အရ အရက်ဆိုင်သည် အရက်သောက်သုံးသူများ ဝင်/ထွက်သွားလာခြင်း မပြုနိုင်အောင် မဖြစ်စေရ။ အများပြည်သူ ရှုမြင်ရန် မသင့်တော်သောနေရာတွင်လည်းကောင်း၊ သုံးသောက်သူတို့က အနီးဖြတ်သန်းသွားလာသူတို့အား အနှောင့်အယှက်ဖြစ်စေသည့် နေရာတွင်လည်းကောင်း မဖြစ်စေရ။ ဈေး၊ စက်ရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဘုရားဝတ်ပြုပူဇော်ရာ နေရာအနီးတွင် မဖြစ်စေရ။ ယစ်မျိုးနည်းဥပဒေ ၂၃ အရ ထန်းရည်မှအပ၊ တည်အရက်ဆိုင်နှင့် နိုင်ငံခြားအရက်ဆိုင်ကို တစ်ဆိုင်နှင့်တစ်ဆိုင် ကိုက်(၁၀၀)အတွင်း ခွင့်မပြုရ၊ ယစ်မျိုးနည်းဥပဒေ ၂၄ အရ နိုင်ငံခြားအရက်၊ ပြည်တွင်းဖိုထွက်အရက်၊ အရက်ဖြူ ထန်းရည်မှအပ တည်အရက်နှင့် ထန်းရည်တို့တွင် (၂)မျိုးကိုဖြစ်စေ၊ (၂)မျိုးထက်ပို၍ ဖြစ်စေ တစ်မိုးထဲအောက်တွင် ရောင်းချခြင်း မပြုရ။ ယစ်မျိုးနည်းဥပဒေ ၂၆ အရ ယစ်မျိုးဆိုင်ရာ ဖွင့်လှစ်ရောင်းချရာတွင် ဆိုင်စတင်ဖွင့်လှစ်သည့် အချိန်၊ ဆိုင် သိမ်းရမည့် အချိန်တို့နှင့်ပတ်သက်၍ မည်သည့်ယစ်မျိုးလိုင်စင် အမျိုးအစားရယူထားသည်ဖြစ်စေ၊ ဆိုင်ကို နေထွက်ချိန်မှသာ စတင်ဖွင့်လှစ်ရမည်ဖြစ်ပြီး၊ FL 17 လိုင်စင်ရယူထားသည့်ဆိုင်သည် ည (၁၁း၀၀)နာရီအထိလည်းကောင်း၊ CFL 1, CFL 2, CS 1, FL 9, FL 10 လိုင်စင်ရယူထားသည့်ဆိုင်များသည် ည(၉)နာရီအထိသာလည်းကောင်း၊ CS-2၊ CS-3 လိုင်စင်ရယူထားသည့်ဆိုင်များသည် ည(၈)နာရီ အထိလည်းကောင်း၊ FL-12 လိုင်စင်ရယူထားသည့် ဆိုင်သည် ည(၆)နာရီအထိသာလည်းကောင်း ဖွင့်လှစ်ရောင်းချခွင့်ရှိကြောင်း၊ ယစ်မျိုးနည်းဥပဒေ ၂၆(က) အရ နိုင်ငံတော်အစိုးရသည် အမိန့်ကြော်ငြာစာဖြင့် အခါကြီးရက်ကြီးများနှင့် အထူးအခြေအနေများတွင် ဆိုင်ကိုပိတ်ရန် ထုတ်ပြန်နိုင်သည်ဆိုပြီး စည်းကမ်းချက်များကို လိုက်နာရန် သတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သောအရက်များကို ဖြန့်ဖြူးရောင်းချရာမှာ အရက်သောက်သုံးသူများအား ကျန်းမာရေးနဲ့ညီညွတ်တဲ့ အရက်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ သောက်နိုင်ရန်အတွက် ထုတ်လုပ်တဲ့ အရက်နမူနာများကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ဓာတုဗေဒဝန် သို့မဟုတ် ဗဟိုအစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှာ သောက်သုံးရန် သင့်/မသင့် အစစ်ဆေးခံရန်နှင့် သောက်သုံးရန်သင့်ကြောင်း ထောက်ခံချက်ရရှိတဲ့ အရက်များကိုသာ ဖြန့်ဖြူးရောင်းချစေလျက်ရှိပါတယ်။

အရက်ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း ကိစ္စရပ်များနှင့်ပတ်သက်လို့ မြန်မာနိုင်ငံယစ်မျိုးဥပဒေ ပုဒ်မ ၉၊ ၁၀၊ ၁၁ နဲ့ ၁၂ တို့မှာ အခွင့်အာဏာရှိသူ၏ခွင့်ပြုချက်မပါရှိဘဲ ယစ်မျိုးပစ္စည်းများကို နိုင်ငံအတွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ စုဆောင်းခြင်း၊ အရက်ချက်စက်ရုံ တည်ဆောက်ခြင်း၊ ချက်လုပ်ခြင်း၊ ကုန်ကြမ်းပစ္စည်းများနှင့် ကိရိယာများ လက်ဝယ်ထားရှိခြင်းတို့ကို တားမြစ်ထားပါတယ်။

သို့ဖြစ်ရာ ယစ်မျိုးလုပ်ငန်းများကို ခွင့်ပြုချက်လိုင်စင်ရယူပြီးမှသာ ဆောင်ရွက်နိုင်ပါသည်။ ကော်လိတ္တော်အရာရှိဟာ ယစ်မျိုးနည်းဥပဒေ၄(၁)အရ ဖော်ပြထားတဲ့ လုပ်ငန်းများအတွက် လိုင်စင်ချထားပေးပြီး လုပ်ငန်းအမျိုးအစားအလိုက် ယစ်မျိုးဖြန့်ဖြူးရောင်းချခွင့်လိုင်စင် အမျိုးမျိုးကိုလည်း သတ်မှတ်ထားရှိပါတယ်။။ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဘီယာနဲ့

အရက်များ သယ်ယူပို့ဆောင်ရေးအတွက်ကို ယစ်မျိုးနည်းဥပဒေ ၁၂၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ (၂)နှင့် (၃) တို့အရ အရက်သယ်ဆောင်ခွင့်ဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်၍လည်းကောင်း၊ ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲမှုများမှာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်များ အပြည့်အဝရရှိစေရန်နဲ့ လိုင်စင်မဲ့အရက်ဆိုင်များကို ဥပဒေနဲ့အညီ စနစ်တကျ အရေးယူရန်အတွက် စိစစ်ကြပ်မတ်ရေးအဖွဲ့များကို ဖွဲ့စည်းပြီး ပညာပေးဆွေးနွေးခြင်းနည်းလမ်း၊ စီမံခန့်ခွဲရေးနည်းလမ်း၊ အုပ်ချုပ်ရေးနည်းလမ်းများနဲ့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး နှစ်စဥ်ခွင့်ပြုတဲ့ ယစ်မျိုးအစီအစဥ်ကိုလည်း တစ်နှစ်ထက်တစ်နှစ် လျှော့ချပြီး၊ ခွင့်ပြုပေးပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။

အရက်သေစာ အလွန်အကျွံသောက်သုံးခြင်းနှင့် စပ်လျဥ်းတဲ့ ပညာပေးအစီအစဥ်များကို ကျန်းမာရေးဝန်ကြီးဌာနမှ စဥ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ အရက်၏ဆိုးကျိုးများနဲ့ သိကောင်းစရာများကို သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့် ဆွေးနွေးပြောကြားခြင်း၊ ပညာပေးခြင်းများကို မြန်မာ့အသံ၊ ရုပ်မြင်သံကြားအစီအစဥ်များမှ အခါအားလျော်စွာ ထုတ်လွှင့်လျက်ရှိပြီး အသိပညာပေး ဆောင်းပါးများကိုလည်း သတင်းစာ၊ မဂ္ဂဇင်းများမှာ အလျဥ်းသင့်သလို ထည့်သွင်းဖော်ပြပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ အရက်သေစာ အလွန်အကျွံ သောက်သုံးခြင်းနှင့် စပ်လျဥ်း၍ ပညာပေးတားဆီးမှုများကို သီးခြားဆောင်ရွက်ခြင်းမရှိပေမယ့်လည်း မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနှင့် စပ်လျဥ်းတဲ့ ပညာပေးတားဆီးလှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာလည်းကောင်း၊ မှုခင်းလျော့နည်းကျဆင်းရေးအတွက် ပညာပေးတားဆီး လှုံ့ဆော်ရေးအစီအစဥ်များ ပြုလုပ်ရာမှာလည်းကောင်း၊ အရက်သေစာ အလွန်အကျွံသောက်သုံးခြင်း မပြုကြရန်နဲ့ အဲဒီလို အရက်အလွန်အကျွံသောက်သုံးခြင်းကြောင့် ရရှိတဲ့ ဆိုးကျိုးများကို ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ မိသားစုအရေးနဲ့ ပေါင်းသင်းဆက်ဆံရေးကိစ္စရပ်များကို မည်သည့်အတိုင်းအတာအထိ အကျိုးယုတ်ပုံတို့ကို ရုပ်ပုံကားချပ်များနှင့်လည်းကောင်း၊ ဗီဒီယိုပြကွက်များဖြင့်လည်းကောင်း၊ အရက်ကြောင့် အကျိုးနည်းခဲ့ရတဲ့ အမှန်တကယ်ဖြစ်ပွားခဲ့သော ပြစ်မှုကျူးလွန်မှုများကို နမူနာပြသပြီး ရှင်းလင်းဆွေးနွေးပေးခြင်းဖြင့် လည်းကောင်း၊ အရေးယူဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ၂၀၁၁ ခုနှစ်အတွင်း ယစ်မျိုးဥပဒေဖြင့် အရေးယူခဲ့တဲ့ အမှုပေါင်း (၁၅၅၅၈)မှု၊ တရားခံပေါင်း(၁၅၆၉၉)ဦး၊ ပညာပေးဟောပြောမှုအကြိမ်ပေါင်း(၁၃၃၆၆) ကြိမ်၊ ၂၀၁၂ ခုနှစ်အတွင်းမှာ ယစ်မျိုးဥပဒေဖြင့် အရေးယူခဲ့တဲ့ အမှုပေါင်း(၁၇၁၄၆)မှု၊ တရားခံပေါင်း (၁၇၄၁၆)ဦး၊ ပညာပေးဟောပြောမှုအကြိမ်ပေါင်း (၁၁၃၆၄)ကြိမ်၊ ၂၀၁၃ ခုနှစ်အတွင်းမှာ ယစ်မျိုးဥပဒေဖြင့် အရေးယူခဲ့တဲ့ အမှုပေါင်း(၁၈၆၁၆)မှု၊ တရားခံပေါင်း (၁၈၆၃၃)ဦး၊ ပညာပေးဟောပြောမှုအကြိမ်ပေါင်း(၁၇၃၂၅)ကြိမ်၊ ၂၀၁၄ ခုနှစ် ဇွန်လ(၁၀)ရက်နေ့အထိကို ယစ်မျိုးဥပဒေဖြင့် အရေးယူခဲ့တဲ့ အမှုပေါင်းကတော့ (၈၄၄၃)မှု၊ တရားခံပေါင်း (၈၄၅၅)ဦးနဲ့ ပညာပေးဟောပြောမှု အကြိမ်ပေါင်း (၅၉၁၇) ကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှာ အရက်သေစာ သောက်စားခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းနဲ့ လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းတို့နှင့်စပ်လျဥ်း၍ ယစ်မျိုးဥပဒေနဲ့ ယစ်မျိုးနည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်လျက်ရှိရာ အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ရန်

လောလောဆယ် မရှိပါကြောင်းနှင့် အရက်သေစာ အလွန်အကျွံသောက်သုံးခြင်းနှင့် စပ်လျဉ်း၍ ပညာပေး ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

**မော်တော်ယာဉ်နှင့် စက်ယန္တရားများကို ချင်းပြည်နယ် အပါအဝင် နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က မော်တော်ယာဉ်နှင့် စက်ယန္တရားများကို ချင်းပြည်နယ် အပါအဝင် နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြု ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ မေးခွန်း မေးမယ့် အပိုင်းက နှစ်ပိုင်းရှိပါတယ်။ ပထမကတော့ စက်ယန္တရားကိစ္စပေါ့။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ဖို့ဆိုရင် ဒီ စက်ယန္တရားတွေက ဒီပြည်မဘက်ကနေ သယ်လာရတဲ့အတွက်ကြောင့် တော်တော်လေးဈေးကြီးပြီးတော့ လုပ်ငန်းက သိပ်အလုပ်မဖြစ်တာ ရှိပါတယ်။ ပြီးတော့ တချို့စက်ယန္တရားကြီးကြီးတွေဆိုရင် တံတားတွေဖြတ်ဖို့၊ ဘာဖို့ကလည်း ခက်ခဲ ပါတယ်။ ဒီလိုမျိုးဖြစ်တဲ့အတွက်ကြောင့် ဒေသခံကုမ္ပဏီတွေ တည်ထောင်ဖို့ ဆိုတာလည်း မလွယ်ကူဘူး ပေါ့။ ပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေက သူက သူ့အရင်းအနှီးနဲ့ ဒီလောက် မတွင်ကျယ်နိုင်ဘူး ဖြစ်နေပါတယ်၊ ဆိုတော့ အခုလည်း တချို့ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဖို့အတွက်ကို အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ကနေ စက်ယန္တရားတွေငှားပြီးတော့ လုပ်နေရပါတယ်။ လမ်းဖောက်ဖို့၊ ဘာဖို့ ဆိုရင်လည်း အဲဒီလိုမျိုးပေါ့ ဒီ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ စက်ယန္တရား တွေက ဈေးကြီးတာက တစ်ပိုင်း၊ ချင်းပြည်နယ်အထိရောက်ဖို့ကလည်း ဒီပထဝီအနေအထားအရကလည်း ခက်ခဲတာ တစ်ပိုင်း အဲဒီလို မျိုးတွေ၊ အခက်အခဲတွေမျိုးစုံရှိပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ချင်းပြည်နယ်အတွက်ပေါ့ အိန္ဒိယဘက်နေ နယ်စပ်ဂိတ် ကနေပေါ့၊ စက်ယန္တရားတွေ တင်သွင်းခွင့်ပြုနိုင်ခြင်းရှိ၊ မရှိ ဒါက တစ်ပိုင်းဖြစ်ပါတယ်။ ပြီးတော့ ဒုတိယအပိုင်းမှာ မော်တော်ယာဉ်ကိစ္စ။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ လိုအပ်တဲ့ မော်တော်ယာဉ် ဘတ်စ်ကားတွေ၊ အိမ်သုံးကားတွေ ဆိုရင်လည်း ချင်းလူမျိုးအတွက် ဝယ်ယူဖို့ရာမလွယ်ကူလှပါဘူး။ ဒါဆင်းရဲနွမ်းပါးပြီးတော့ ဒီလိုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ချင်းပြည်နယ်မှာ ကုန်းလမ်း ပို့ဆောင်ရေးက အင်မတန်မှ ခက်ခဲပါတယ်။ အဲဒီလိုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ချင်းပြည်နယ် မှာ ကုန်ဈေးနှုန်းတွေကလည်း အင်မတန်မှကြီးပါတယ်။ ဆိုတော့ အဲဒီလိုမျိုး လမ်းဖောက်ဖို့ဆိုရင်လည်း ဆောက်လုပ်ရေးကလည်း သူ့ရဲ့တွက်ချက်မှုလေးတွေ ရှိပါတယ်။ ကားဒီလောက် တစ်ရက်မှာ သွားတဲ့လမ်းတွေဆိုရင်၊ ခွဲတမ်းချလို့ရှိရင် သူရဲ့တစ်မျိုးလေးနဲ့တော့ ဟိုအရင်တုန်းကတော့ လွှတ်တော်မှာမေးခဲ့ဖူးပါတယ်။ ဒီ ခရိုက်တီးယားတွေတော့ ရှိတယ်။ ဖြေလျှော့မှုကတော့ ချင်းပြည်နယ်

အတွက် အများကြီးရှိပေမယ့်ပေါ့နော်။ ဒီလိုမျိုးလေးတွေက ရှိလည်းရှိတယ်။ အကျိုးဆက် တွေက အမျိုးမျိုးဖြစ်နေတယ်။

ဆိုတဲ့အချိန်ကတော့ အဲဒီလိုမျိုး အခြေအနေအရပ်ရပ်တွေကြောင့်ပဲ ချင်းပြည်နယ် နယ်စပ်ဂိတ်ကနေ ပြီးတော့ မော်တော်ယာဥ်လည်း တင်သွင်းခွင့်ပြုနိုင်မယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်မှာတော့ တော်တော်လေး အဆင်ပြေလာမယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ လူမှုရေး၊ စီးပွားရေးတွေလည်း အများကြီးပိုပြီးတော့ တိုးတက်လာနိုင်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီလိုမျိုး ဟို အရင်တုန်းက မေးခွန်းအနေနဲ့ကတော့ နည်းနည်းအဆက်အစပ်တော့ ရှိတာပေါ့နော်။ ဒီလိုမျိုးခွင့်ပြုတဲ့ အချိန်မှာတော့ အခွန်အခတွေနဲ့ အခွန်အခတွေလည်း သက်သက်သာသာနဲ့ လုပ်ပေးဖို့ပေါ့နော်။ ဒီလိုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့ ဒီ ရန်ကုန်၊ မန္တလေးတို့မှာ သူတို့ယာဥ်ကြောပိတ်ဆို့မှုတွေလည်း မဖြစ်ရအောင် ဝန်ကြီးက လာဖြေပါတယ်။ အဲဒီလိုမျိုး လုပ်လို့ရှိရင် ဟိုမှာ မှတ်ပုံသွားတင်ပြီးတော့ ဒီမှာယာဥ်ကြော လာပိတ်ပါတယ်ဆိုတာမျိုး အဲဒါမျိုးကာကွယ်အောင်၊ ကျွန်တော့်မေးခွန်းမှာတော့ အဆက်အစပ်လေးတွေတော့ ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးပြီးသားမေးခွန်းပြန်ပြီးတော့ မမေးပါနဲ့။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ အခု ဒါပေါ့ ဟုတ်ကဲ့။ ဆိုတော့ ကျွန်တော်တို့ အဓိက သူ့ရဲ့ဦးတည်ချက်ကတော့ ကျွန်တော်တို့ ဒီလိုမျိုးခက်ခဲတဲ့နေရာ ဒေသတွေ ချင်းပြည်နယ်တစ်ခုတည်းမဟုတ်ပါဘူး။ ကျန်တဲ့နယ်စပ်ဘက်မှာလည်း အနည်းနဲ့ အများ အကျိုးဆက်တွေတော့ ရှိမယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒါကြောင့် ဒီမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ မော်တော်ယာဥ်နဲ့ စက်ယန္တရားများကို ချင်းပြည်နယ် အပါအဝင် နယ်စပ်ဂိတ်များမှာ တင်သွင်းခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်ပနဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်လုပ်ကိုင်နေကြတဲ့ ကုမ္ပဏီ လုပ်ငန်းရှင်များ၊ ပြည်တွင်းမှာလုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ အသင်း အဖွဲ့များကို ပြည်ပမှ မော်တော်ယာဥ်များတင်သွင်းခွင့်ပြုတဲ့နေရာမှာ လူစီးမော်တော်ယာဥ်အုပ်စု ဆလွန်း၊ ဆီဒင်ဗင်၊ Wagon စတဲ့ယာဥ်များ၊ လုပ်ငန်းသုံးယာဥ်အုပ်စု၊ ကုန်တင်ယာဥ်များ၊

ဘတ်စ်ကားများ၊ Truck၊ Box Truck၊ Dump Truck၊ Crane Truck နဲ့ ယန္တရားယာဉ် အုပ်စုဆိုပြီးတော့ Loader၊ Bulldozer၊ Backhoe တွေကို ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများနဲ့အညီ လုပ်ငန်းသုံးများနဲ့ သွင်းကုန်လိုင်စင်ပါမစ်များအား ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ပြည်ပနိုင်ငံများက ထုတ်လုပ်တဲ့ လူစီးမော်တော်ယာဉ်အုပ်စု၊ လုပ်ငန်းသုံးမော်တော်ယာဉ်အုပ်စုနဲ့ စက်ယန္တရားယာဉ်အုပ်စုများကို တင်သွင်းခွင့်ပြုတဲ့နေရာမှာ ပင်လယ်ရေကြောင်းမှ တင်သွင်းမယ် ဆိုရင်တော့ လူစီးယာဉ်မော်တော်ယာဉ်အုပ်စု လုပ်ငန်းသုံးယာဉ်များနဲ့ စက်ယန္တရားများအားလုံးကို ခွင့်ပြုပေး လျက်ရှိပါတယ်။ ချင်းပြည်နယ်အပါအဝင် နယ်စပ်ကုန်သွယ် ရေးစခန်းများမှ တင်သွင်းမယ်ဆိုရင်တော့ လူစီးမော်တော်ယာဉ်အုပ်စုဝင်ဖြစ်တဲ့ Saloon၊ Van၊ Wagon များကို တင်သွင်းခွင့် မပြုထားပေမယ့် လုပ်ငန်းသုံးယာဉ်အုပ်စုများဖြစ်တဲ့ Mini Truck တွေ တစ်တန်မှ သုံးတန်အထိတွေ၊ Light Truck သုံးတန်အထက် Heavy Truck တွေ၊ (၁၀)ယောက်စီးနဲ့အထက် ဘတ်စ်ကားများ နဲ့ လုပ်ငန်းသုံး ယာဉ်အုပ်စုဖြစ်တဲ့ Loader၊ Bulldozer၊ Backhoe များကို ချင်းပြည်နယ်အပါအဝင် နယ်စပ် ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ပြုထားလျက် ရှိပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ ရိဒ်နယ်စပ် ကုန်သွယ်ရေးစခန်းကနေပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းမှာ Backhoe၊ Loader၊ (၉)စီး၊ excavator(၁)စီး၊ excavator JBC Brand နဲ့ (၁၃)စီး စုစုပေါင်း(၂၃)စီးကို တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ယခုအချိန်အထိကို Backhoe၊ Loader တစ်စီးနဲ့ excavator တစ်စီး စုစုပေါင်း(၂)စီးကို တင်သွင်းခဲ့ပြီးဖြစ်ကြောင်းကို တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ ဗန်းမော်-မိုးမောက်လမ်းပိုင်း(၆)မိုင်အား အဆင့်တိုးမြှင့်ခြင်း၊ ပြုပြင်ထိန်းသိမ်း စရိတ်ငွေချပေးခြင်း၊ မိုးမောက် - လွယ်ဂျယ်လမ်းပိုင်း မိုးမောက်မှ ကျောက်စခန်းကျေးရွာထိ (၃)မိုင်အား ကတ္တရာလမ်းခင်းခြင်း၊ ကျောက်စခန်းကျေးရွာမှ လွယ်ဂျယ်မြို့နယ်ခွဲအထိ တောင်တက်တောင်ဆင်း လမ်းအကွေ့များတွင် ကတ္တရာလမ်း အဖြစ် တိုးချဲ့မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် က ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ ဗန်းမော်-မိုးမောက်လမ်းပိုင်း(၆)မိုင်အား အဆင့်တိုးမြှင့်ခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်ငွေချပေးခြင်း၊ မိုးမောက် - လွယ်ဂျယ်လမ်းပိုင်း မိုးမောက်မှ ကျောက်စခန်းကျေးရွာထိ (၃)မိုင်အား ကတ္တရာလမ်းခင်းခြင်း၊ ကျောက်စခန်းကျေးရွာမှ လွယ်ဂျယ်မြို့နယ်ခွဲအထိ တောင်တက်တောင်ဆင်း လမ်းအကွေ့များတွင် ကတ္တရာလမ်း အဖြစ် တိုးချဲ့မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်

အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌ ရဲ့ ခွင့်ပြုချက်အရ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ ဗန်းမော်-မိုးမောက်လမ်းပိုင်း(၆)မိုင်အား အဆင့်တိုးမြှင့်ခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်ငွေချပေးခြင်း၊ မိုးမောက် - လွယ်ဂျယ် လမ်းပိုင်း မိုးမောက်မှ ကျောက်စခန်းကျေးရွာထိ (၃)မိုင်အား ကတ္တရာလမ်းခင်းခြင်း၊ ကျောက်စခန်းကျေးရွာမှ လွယ်ဂျယ်မြို့နယ်ခွဲအထိ တောင်တက်တောင်ဆင်း လမ်းကွေ့များတွင် ကတ္တရာလမ်း အဖြစ်တိုးချဲ့မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းအကြောင်းအရင်းကတော့ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လျာထားချက်မှာ ပါဝင်ခြင်းမရှိလို့တစ်ကြောင်း၊ နောက်တစ်ချက်က ကျွန်တော်တို့ ၆-၁၂-၂၀၁၃ ရက်နေ့မှာ ကျွန်တော်တို့ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကနေပြီးတော့မှ ကျွန်တော်တို့ မိုးမောက်ကိုလာတဲ့အခါမှာ ကျွန်တော်တို့ ပြည်သူတွေနဲ့ တွေ့ဆုံတဲ့နေရာမှာ အားလုံး ဒီလမ်းကိစ္စနဲ့ပတ်သက်ပြီးတော့မှ တိုင်ပင်ဆွေးနွေးညှိနှိုင်းတင်ပြတဲ့အခါမှာ တစ်ခြားမြို့နယ်ကျတော့ လမ်းချဲ့ပေးတယ်။ ကျွန်တော်တို့မြို့နယ်ကျတော့ မပေးဘူးပေါ့။ အမျိုးမျိုးပြောဆိုကြတဲ့အခါမှာ ပြည်နယ်ဝန်ကြီးက မန်စီ-ရွှေကူတွေဟာ သူတို့က လမ်းကတိုတဲ့အခါကျတော့ ကျယ်နိုင်တယ်တဲ့။ ကျွန်တော်တို့ မိုးမောက်က ရှည်တဲ့အတွက်ကြောင့်မို့ ကျဉ်းရခြင်းဖြစ်တယ်ပေါ့။ အဲဒါကြောင့် ကျွန်တော်တို့ ဒီမိုးမောက်လမ်းဟာ ကျန်နေခဲ့မယ့်သဘောအနေအထားမှာ ရှိပါတယ်။ ဒါကြောင့်မို့ ဒီအတွက်ကြောင့်မို့လို့ ကျန်ရစ်မနေခဲ့ရအောင်လို့ ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ် ဗန်းမော်ခရိုင်မှာရှိတဲ့ မိုးမောက်-ဗန်းမော်-လွယ်ဂျယ်လမ်းဟာ နယ်စပ်ကုန်သွယ်ရေး လမ်းတစ်ခုဖြစ်ပါတယ်။ ကုန်သွယ်ရေးလမ်းဖြစ်တဲ့အလျောက် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာကြရာ လမ်းအကျယ်မှာ (၁၂)ပေသာရှိတဲ့အတွက်ကြောင့်မို့ ယာဉ်များ တစ်စီးနဲ့တစ်စီး ရှောင်တိမ်းကြတဲ့အခါမှာ ကားကြီးအချင်းချင်းသော်လည်းကောင်း၊ ကားကြီးအချင်းချင်းမှာလည်း တစ်စီးနဲ့တစ်စီး လမ်းက မဖယ်ပေးချင်ကြဘူး။ မဖယ်ပေးချင်ကြဘူးဆိုတဲ့ အကြောင်းအရင်းကလည်း လမ်းက ကျဉ်းလည်းကျဉ်းတယ်။ ပြီးတော့ လမ်းပခုံးသားကလည်း အထစ်ဖြစ်နေတယ်။ တစ်မိုက်လောက်ကို တချို့နေရာလောက်ကို တော်တော်လေး၊ ဆိုးဆိုးရွားရွားလေး ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ရှောင်တိမ်းတဲ့အခါမှာ တစ်စီးနဲ့တစ်စီး လမ်းမဖယ်ချင်ကြဘူး။

နောက်တစ်ခုက အဲဒီလို ကားကြီးလာတဲ့အခါမှာ ခရီးသွားပြည်သူ ဆိုင်ကယ်စီးတဲ့ ပြည်သူများဟာ ဖြစ်လည်းဖြစ်ခဲ့ပါတယ်။ အဲဒီလိုရှောင်တဲ့အခါမှာ လမ်းဘေးကချိုင့်ခွက်တွေ၊ အဖုအထစ်တွေမှာ ရှောင်တဲ့အခါမှာ ဘီးချော်ပြီးမှ ကားအောက်ထဲ ဝင်သွားတာတွေလည်း ခဏ၊ ခဏ ဖြစ်ခဲ့ပါတယ်။ ဖြစ်လည်းဖြစ်ခဲ့ဖူးတယ်။ ကတ္တရာလမ်းပေါ်မှာ အတက်အဆင်း ကြိမ်ဖန်များစွာ အဲဒီလို သွားလာတဲ့ အခါမှာ လမ်းပခုံးသားကလည်း ထစ်ဖြစ်နေတာ ပြန်ကုတ်တက်ရတဲ့ နေရာမှာ လမ်းကတော်တော်လေး မြန်မြန်ပျက်စီးလွယ်နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုနက လမ်းပျက်စီးရတဲ့အကြောင်းအရင်းကို ကျွန်တော့် အနေနဲ့ အနည်းငယ် သုံးသပ်တင်ပြချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ပညာရှင်လည်း မဟုတ်ပါဘူး။ အင်ဂျင်နီယာလည်း မဟုတ်ပါဘူး။ သို့ပေမဲ့ လက်ရှိတွေ့မြင်ကြုံတွေ့နေရတဲ့ အနေအထားအပေါ် ကြည့်ပြီးတော့မှ အနည်းငယ် သုံးသပ်တင်ပြချင်ပါတယ်။ လမ်းများပျက်စီးရတဲ့ အကြောင်းအရင်းက (၁) သတ်မှတ်စံချိန်စံညွှန်းနဲ့ မပြည့်မီခြင်း၊ (၂) လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်း များ မရှိလို့ ရေဝပ်ခြင်းကြောင့် ပျက်စီးခြင်း၊ (၃) ယာဥ်များတန်ပိုတင်ဆောင်ခြင်းကြောင့် ပျက်စီးနေ တယ်လို့ အကြမ်းဖျင်း သုံးသပ်ရရှိပါတယ်။

(၁) အနေနဲ့ စံချိန်စံညွှန်းဆိုတဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဝန်ထမ်းတွေ ဒီမှာတော့ အကုန်လုံးတော့၊ အတတ်နိုင်ဆုံးတော့ သူ့ quality ပြည့်မီအောင်တော့ ဥပမာဆိုရင် ကတ္တရာစေး ဆိုရင် ဘယ်လိုဟာမျိုး၊ ဘယ်နိုင်ငံက ထုတ်တဲ့ဟာမျိုးသုံးမယ်၊ ကျောက်ခဲဆိုရင်လည်းပဲ ဘယ်လို ကျောက်ခဲမျိုးကို ရွေးပြီးသုံးတယ်ဆိုတာလည်း ကြိုးစားပြီးတော့မှ၊ ရွေးချယ်ပြီးတော့မှ လုပ်မယ်ဆိုတာ ကျွန်တော်ထင်ပါတယ်။ သို့ပေမဲ့ ကျွန်တော့်အနေနဲ့က မြင်တွေ့နေရတဲ့ဟာက ကတ္တရာစေးလောင်း တဲ့အခါမှာ ပါးပါးလေး အပေါ်ယံသကာရည် ဆမ်းသလိုမျိုးပဲ၊ ဆမ်းထားတဲ့အတွက်ကြောင့်မို့လို့ ဘယ်လောက်ပဲ ထူထူ၊ ဘယ်လောက်ကောင်းကောင်း၊ ကျောက်ခဲတွေဘယ်လောက်ထူအောင်ပဲ ခင်းခင်း၊ ဒါ ခဏ အတွင်းမှာ ပျက်သွားနိုင်တဲ့အနေအထားမှာ ရှိပါတယ်။ ပျက်လည်း ပျက်ပါတယ်။

ကျွန်တော်တို့ မိုးမောက်လမ်းကိုအရင်တစ်ခါ တင်ပြပြီးတဲ့နောက်မှာ လာပြင်ထားပါတယ်။ ပြင်ပြီးတဲ့နောက် တစ်နှစ်တောင်မပြည့်ပါဘူး။ သုံး၊ လေးလ အတွင်းမှာ ချိုင့်တွေ၊ ခွက်တွေ ပြန်ပြီးတော့ ဖြစ်လာပါတယ်။ အဲဒီလိုမျိုးတွေ ကြုံတွေ့နေရပါတယ်။ အင်မတန်မှ နှမြောစရာကောင်းလှပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ အဲဒီဟာကို အနည်းငယ်တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကတ္တရာကို ပြန်ပြီးတော့မှ ဖြည့်တင်းနိုင်ရင် ဒီထက်မက ပိုပြီးတော့မှ ကြာကြာခံနိုင်မယ်လို့ ကျွန်တော့် အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။

(၂) အနေနဲ့ကတော့ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများမရှိလို့ လမ်းဘေးမှာရေဝပ်ပြီး တော့မှ လမ်းတွေအိပြီးတော့ ပျက်ရတဲ့အကြောင်းလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်လို့ ကျွန်တော့် အနေနဲ့ တင်ပြချင်ပါတယ်။ လမ်းဘေးမှာရှိတဲ့မြောင်းတွေဟာလည်း မပြုမပြင်တာလည်း တော်တော် လေး နှစ်ပေါင်းဆယ်ချီလည်း ကြာခဲ့ပါပြီ။ အရင်တုန်းက လမ်းကိုဖြတ်ပြီး အောက်လှိုဏ်ခေါင်းမှာ ဖြတ်ပြီးတော့ ရေပိုက်တွေ လုပ်ထားတဲ့ဟာတွေလည်း အကုန်လုံးကို ပိတ်ဆို့ပြီးတော့မှ ဒီ ကျွန်တော်တို့ ငယ်ငယ်တုန်းက အဲဒီအောက်မှာပဲ ပြေးဆော့ကစားခဲ့တဲ့ ရေပိုက်တွေ အခု အကုန်လုံးပျက်နေပါပြီ။ အဲဒါတွေ နောက်ပြီးတော့မှ လမ်းမကြီးရဲ့ဘေး လမ်းသွယ်ထဲကိုကူးဝင်သွားတဲ့လမ်းမှာ အဲဒီ့ဘေးမှာ ပိုက်လုံးလေးတွေလည်း ထဲ့ထားပါတယ်။ ပိုက်လုံးလေးတွေနဲ့ မြေကြီးပိတ်ပြီးတော့မှ ကားတွေ၊ လှည်းတွေ တက်ကြိတ်ပြီးတော့မှ ကွဲပြဲနေတာလည်း ရှိပါတယ်။ အဲဒါလေးတွေ မပြုမပြင် မထိန်းမသိမ်းနိုင်တဲ့အတွက်ကြောင့်မို့လို့လည်း အခုနက လမ်းပျက်စီးရခြင်း ဖြစ်ပါတယ်။ အခုနလို အဲဒီလမ်းဘေးမှာရှိတဲ့ ရေနုတ်မြောင်းကို မလုပ်ပေးတဲ့အတွက်ကြောင့် လမ်းရေတွေဟာ မိုးတွင်းအခါ ကျရင် နိမ့်တဲ့နေရာကိုစီးဝင်သွားတာ လမ်းကြို၊ လမ်းကြား၊ လမ်းသွယ်တွေမှာအပြင် တော်တော်လေး ကို ပျက်စီးနေတာကို ကြုံတွေ့နေရပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ အဲဒီနေ့မှာပဲ အခုနက ကျွန်တော်တင်ပြခဲ့တဲ့ ပြည်နယ်ဝန်ကြီး လာတဲ့အခါမှာ ကျွန်တော်တို့ တင်ပြတဲ့အခါမှာ သက်ဆိုင်ရာဌာနတာဝန်ရှိသူက ကျွန်တော်တို့ ပြုပြင်ထိန်းသိမ်းဖို့ စရိတ်မချပေးလို့ ဘယ်လိုမှမလုပ်နိုင်တာဖြစ်ပါတယ်ဆိုပြီးတော့မှ တင်ပြပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ လမ်းဘေးကို ပြုပြင်ထိန်းသိမ်းတဲ့ စရိတ်လေးကို ချပေးစေလိုပါတယ်လို့။ နောက်တစ်ခုအနေနဲ့ ကုန်တင်ယာဉ်များ ကြီးကြပ်မှုမရှိတဲ့အတွက်ကြောင့်မို့ တန်ပိုများ တင်ဆောင်တဲ့အတွက်ကြောင့် ပျက်စီးရခြင်းတစ်ခုဖြစ်ပါတယ်။ တန်ပိုယာဉ်တွေတင်တယ် ဆိုတာက ကျွန်တော်တို့ မြင်တွေ့နေရတာက လွယ်ဂျယ်ကနေ ကုန်တွေတင်လာတယ်။ မိုးမောက်ကို ကျော်ပြီးတော့မှ ဗန်းမော်ရောက်ခါနီးမှ၊ နှစ်မိုင်လောက်မှာမှ၊ မြို့အဝင်မှာ ကုန်တွေချပါတယ်။ ချပြီး တော့မှ မြို့ထဲကို ဝင်တာတွေ့ခဲ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အနေအထားက ကျုန်တဲ့လမ်းအပိုင်းမှာလည်း ကျွန်တော်တို့ လမ်းမဟုတ်ဘူးလား။ ကျွန်တော့်အနေနဲ့ တစ်ခုမေးချင်ပါတယ်။ ချစရာရှိရင် အစကတည်းကနေ ချခဲ့ရင် ဒီလမ်းတွေဟာ ပျက်စီးစရာအကြောင်းမရှိပါဘူး။ မြို့ဝင်ခါနီးမှာပဲ ရောက်တော့မယ့် ရောက်စဲစဲမှာပဲ ပြန်ချတယ်ဆိုတော့ ကားသမားကုန်တင်ကုန်ချတာ အလကားပြန်ပြီးတော့မှ ကုန်ကျရတာ ရှိပါတယ်။ မလိုအပ်ဘဲနဲ့ ကုန်ရတဲ့အပိုင်းမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ မဖြစ်သင့်တဲ့အရာ ဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တစ်ခုတင်ပြချင်ပါတယ်။ အဲဒီတော့ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မိုးမောက်မြို့မှ ကျောက်စခန်းကျေးရွာ လမ်းအပိုင်းဟာ မြို့အဝင်လမ်း အရှည် (၃)မိုင်မှာရှိတဲ့ ကျွန်တော်တို့ ဒေသအခေါ် ပြောင်းဖူး-ကျောက်စီလမ်းလို့ ခေါ်ပါတယ်။ ကျွန်တော်တို့ ပြောင်းဖူးလိုလို လေးလက်မအရွယ် ကျောက်လုံးလေးတွေနဲ့ ဒီအတိုင်း အပေါ်ယံမှာ ဒီအတိုင်း စီထားတာ ဖြစ်ပါတယ်။ ဒီကနေပြီးတော့မှ သူတို့နည်းပညာ တော်တော်လေးတော့ ခိုင်ခန့်မှု ရှိပါတယ်။ သို့ပေမဲ့လည်း ခေတ်ကောင်းတုန်းက သူတို့အမြဲတမ်း ပြုစုနေတာ ကျောက်ခဲတစ်လုံး ထွက်လာတာနဲ့ တစ်လုံး သူတို့အမြဲတမ်း ဆိုင်ကယ်နဲ့ ပတ်ပြီးမှ ပြန်လာလိုက် ဖာလိုက်၊ ဖြည့်လိုက်နဲ့ မပျက်စီးပါဘူး။ အခုနောက်ပိုင်း မထိန်းသိမ်းနိုင်တဲ့အခါကျတော့ တစ်လုံးထွက်သွားတာနဲ့ နောက် အလုံးတွေပါ လိုက်၊ လိုက်၊ လိုက်၊ လိုက်ပြီးတော့ အကုန်လုံးလိုက် ပျက်သွားတာကို တွေ့ရပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော်တို့ ဘယ်လိုနေရာမှာ အဖြစ်များသလဲဆိုတာ အကွေ့မှာလည်း ဖြစ်ပါတယ်။ ဒါနဲ့ လမ်းဖြောင့်တဲ့နေရာမှာတော့ သိပ်ပျက်စီးမှု မရှိပါဘူး။ အကွေ့နေရာမှာ ကျွန်တော်တို့မြင်တွေ့၊ သုံးသပ်ရသလောက်တော့ ကားကြီးတွေ၊ သွားတဲ့အခါမှာ စတီယာတိုင်ကို လှည့်တဲ့အခါမှာ သူ့ကို ယက်ထုတ်ပေးသလိုမျိုး ဖြစ်နေတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ပါတယ်။ ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ အဲဒါမျိုးလေးကြောင့်မို့ ကျွန်တော့်အနေနဲ့က ဒီအကုန်လုံး မဟုတ်သည့်တိုင်အောင်မှ ဒီအကွေ့တိုင်း၊ အကွေ့တိုင်းမှာ ကတ္တရာဖြစ်ဖြစ် ဒါမှမဟုတ် ကွန်ကရစ်ဖြစ်ဖြစ် ခင်းပေးလိုက်လို့ရှိရင် ကျွန်တော်တို့ ပျက်စီးဆုံးရှုံးမှု အများကြီး သက်သာရာ ရောက်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ သို့ပါသောကြောင့် ကျွန်တော်တို့ အားလုံးကို ခြုံငုံပြီးတော့မှ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ် ပါတယ်။

(၁) ဗန်းမော်-မိုးမောက်လမ်းပိုင်း(၆)မိုင်ကို (၁၂)ပေမှ (၁၈)ပေအထိ အဆင့်မြှင့်ပေးရန်နှင့် အဆင့်တိုးမြှင့်ပေးနိုင်မှု အစီအစဉ်မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလိုခြင်း၊ (၂) ၎င်း လမ်းပိုင်းများ ပြုပြင်ထိန်းသိမ်းရန်၊ ရေနုတ်မြောင်းများ၊ ရေထွက်ပေါက်များ ပြင်ဆင် ထိန်းသိမ်းစရိတ်

ရန်ပုံငွေချထားပေးရန်နှင့် ချပေးရန် အစီအစဉ်မရှိက အဘယ်ကြောင့် မရှိသည်ကိုသိရှိလိုခြင်း၊ (၃) မိုးမောက်မြို့မှ ကျောက်စခန်းကျေးရွာအထိ (၃)မိုင်ခန့်ကို ကတ္တရာလမ်းအဖြစ် တိုးချဲ့အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလိုခြင်း၊ (၄) ကျောက်စခန်းကျေးရွာမှ လွယ်ဂျယ်မြို့နယ်ခွဲအထိ တောင်တက် တောင်ဆင်း အကွေ့များတွင် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိမရှိ၊ (၅) တန်ပိုယာဉ်များ စိစစ်နိုင်ရန် အစီအမံများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိကို အထက်ပါမေးခွန်းများအား ဆောင်ရွက်ပေးမည် ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါ၍ အများပြည်သူ၏ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းမြမောင် မှ မေးမြန်းထားတဲ့ မေးခွန်းများကို ပြန်လည် ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှေးဦးစွာ ကိုယ်စားလှယ်ကြီး သုံးသပ်ဆွေးနွေးတင်ပြသွားတဲ့ လမ်းပျက်စီးခြင်း အကြောင်းရင်း(၃)ရပ်ဟာ မှန်ကန်ပါကြောင်း ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြ လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ မေးခွန်း(၅)ခုနဲ့ ပတ်သက်ပြီး တော့ တင်ပြရရင် မေးခွန်း(၁)ကတော့ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ ဗန်းမော်-မိုးမောက်လမ်း အပိုင်း (၉)မိုင်ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပါတယ်။ ယခင်ကတော့ အဲဒီလမ်းကို Jadeland ကုမ္ပဏီက BOT စနစ်နဲ့ ဆောက်ရွက်ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှ စတင်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီအပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေကျပ်(၁၆၁)သန်းနဲ့ မူလလမ်းအကျယ် (၁၂)ပေကနေပြီးတော့ (၂၄)ပေ အကျယ် ကတ္တရာလမ်း(၃)မိုင် တိုးချဲ့ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာတော့ ရန်ပုံငွေကျပ် (၈၈၇)သန်းနဲ့ ကျန်ရှိတဲ့ (၆)မိုင်အနက်က (၅)မိုင်၊ (၅)ဖာလုံကို (၁၂)ပေအကျယ်ကနေပြီးတော့ (၂၄)ပေအကျယ် ကတ္တရာလမ်း တိုးချဲ့ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း (၁)မေးခွန်းကို ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်း(၂)ကို ဖြေကြားရရင် ဗန်းမော်-မိုးမောက်လမ်းအပိုင်း ပြုပြင်ထိန်းသိမ်းရေးအတွက် ရေနုတ်မြောင်းများ၊ ရေထွက်ပေါက်များ ပြင်ဆင်ခြင်းလုပ်ငန်းများကို ယခင်က BOT စနစ်နဲ့ ဆောင်ရွက်လျက်ရှိတဲ့အတွက် ဌာနအနေနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ချထားပေးခဲ့ခြင်းမရှိသော်လည်းပဲ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာတော့ ဌာနမှတာဝန်ယူဆောင်ရွက်နေပြီဖြစ်တာကြောင့် ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေများ ရရှိတဲ့အတွက် ရေနုတ်မြောင်း၊ ရေထွက်ပေါက်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

(၃)မေးခွန်းဖြစ်တဲ့ မိုးမောက်-ကျောက်စခန်း(၃)မိုင်ကို ၄-၁၀-၂၀၁၃ ရက်နေ့မှစတင်ပြီးတော့ မြောက်ပိုင်း တော်ဝင်ကျောက်စိမ်း ကုမ္ပဏီမှ ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်ရယူပြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ နယ်မြေလုံခြုံရေး အခြေအနေအရ မူလ ပြောင်းဖူးစေ့ ကျောက်စီခင်းတဲ့လုပ်ငန်းကိုသာ ဦးစားပေးပြီးတော့ ပြင်ဆင်ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ ဒီ ပြောင်းဖူးစေ့ ကျောက်စီလုပ်ငန်းနဲ့ ပတ်သက်လို့လည်းပဲ ကိုယ်စားလှယ်ကြီး အသေးစိတ်တင်ပြသွားတာ ဖြစ်တဲ့အတွက် ကျွန်တော် အသေးစိတ်ရှင်းလင်းခြင်း မပြုတော့ပါဘူး။ တကယ်ဆိုရင်တော့လည်းပဲ ဒီပြောင်းဖူးစေ့ ကျောက်စီလမ်းပေါ်မှာ ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ကတ္တရာလမ်းခင်းပေးမယ်ဆိုရင်တော့ ရေရှည်ခိုင်မြဲတာ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဒီအပိုင်းကို ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ဖို့အတွက်ကို နယ်မြေအေးချမ်းမှုအခြေအနေအပေါ်မှာ မူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

(၄)မေးခွန်းဖြစ်တဲ့ ကျောက်စခန်းကျေးရွာမှ လွယ်ဂျယ်မြို့နယ်ခွဲအထိ အပိုင်းကိုတော့ မြောက်ပိုင်းတော်ဝင်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိပြီးတော့ နယ်မြေလုံခြုံရေး အခြေအနေအရ ချောမွေ့စွာ သွားလာနိုင်ရေးကိုသာ ကျွန်တော်တို့ ဦးစားပေးပြီး ဆောင်ရွက်ရပါတယ်။ ဒီအပိုင်းမှာရှိတဲ့ တောင်တက် တောင်ဆင်း အကွေ့များဟာ လမ်းပျက်စီးလျက်ရှိတာကို ကျွန်တော်တို့သိရှိရပါတယ်။ ဒါကြောင့်မို့ ဒီအပိုင်းများနဲ့ ပတ်သက်ပြီးတော့ အမြန်ဆုံး ကတ္တရာခင်းနိုင်ဖို့အတွက်ကို သက်ဆိုင်ရာကုမ္ပဏီနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

(၅)မေးခွန်းကတော့ ဗန်းမော်-မိုးမောက်-လွယ်ဂျယ်လမ်းမှာ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှုကို တားဆီးနိုင်ရန်အတွက် နယ်မြေလုံခြုံရေးအခြေအနေအရ လတ်တလောမှာ ကျွန်တော်တို့ ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း သက်ဆိုင်ရာ ဒေသခံများနဲ့ ညှိနှိုင်းပြီးတော့ မကြာခင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာရှင်းလင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဝေးလံခက်ခဲသောဒေသရှိ ပညာရေးဝန်ထမ်း များ၏ နွေရာသီအပြန်ခရီးစရိတ်အဖြစ် ထုတ်ပေးခဲ့သော ငွေအား နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ညွှန်ကြားခဲ့ခြင်း ရှိ/မရှိကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့်က ဝေးလံခက်ခဲသောဒေသရှိ ပညာရေးဝန်ထမ်းများ၏ နွေရာသီအပြန်ခရီးစရိတ်အဖြစ် ထုတ်ပေးခဲ့သော ငွေအား နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ညွှန်ကြားခဲ့ခြင်း ရှိ/မရှိကို သိရှိလိုခြင်း နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနသို့ ပညာရေးဝန်ထမ်းများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းတစ်ခု မေးမြန်းသွားလိုပါတယ်။ ဝေးလံခက်ခဲသော ဒေသရှိ ပညာရေးဝန်ထမ်းများကို နွေရာသီအပြန် ခရီးစရိတ်အဖြစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်အတွင်း ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် ထုတ်ပေးခဲ့တဲ့ ပညာရေးဝန်ထမ်းများ၏ နွေရာသီအပြန် ခရီးစရိတ် ကျပ်(၁၄၄.၉၄၂)သန်းအား နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ညွှန်ကြားထားတယ်လို့ ကြားသိရပါတယ်။ သို့ပါ၍ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ညွှန်ကြားခဲ့ခြင်း ရှိ၊ မရှိနှင့် ရှိခဲ့ပါက ၎င်းညွှန်ကြားစာ မိတ္တူကို သိရှိလိုပါကြောင်း၊ ထိုသို့ပြန်လည်ပေးသွင်းရန် မတတ်နိုင်သူများကိုလည်းပဲ အရစ်ကျ ပြန်လည်ပေးသွင်းခွင့် ပြုနိုင်ခြင်း ရှိမရှိတို့ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေး ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**လောင်းလုံမြို့နယ်အတွင်းရှိ အ.မ.က ပညစ်နှင့် အ.မ.က ငပိတက်ငယ်တို့အား ယခုလာမည့် ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန် ကျောင်းများအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်က လောင်းလုံမြို့နယ်အတွင်းရှိ အ.မ.က ပညစ်နှင့် အ.မ.က ငပိတက်ငယ်တို့အား ယခုလာမည့် ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန် ကျောင်းများအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လွှတ်တော်

ကိုယ်စားလှယ်အပေါင်းနှင့် ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျွန်တော့်မြို့နယ်အတွင်းမှာ ရှိတဲ့ ကျောင်း(၂)ကျောင်းရဲ့ အဆင့်တိုးမြှင့်ခြင်း အစီအစဉ်ရှိ/မရှိမေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်ဟာ ဖေဖော်ဝါရီလ ၃ ရက်၊ နဝမပုံမှန်အစည်းအဝေးမှာ မေးခဲ့တဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဘာကြောင့် ဒါတင်ပြရလဲဆိုရင် ကျွန်တော် အဲဒီမေးခွန်းမှာ လာမယ့်ပညာသင်နှစ်ဆိုတဲ့ စကားလုံးကို ထည့်ထားပါတယ်။ အဲဒီ လာမယ့် ပညာသင်နှစ်ဆိုတာ အခုလက်ရှိ ပညာသင်နှစ်ကို ဆိုလိုခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လောင်းလုံမြို့နယ်မှာ အခြေခံပညာကျောင်းပေါင်း(၁၁၆)ကျောင်း ရှိပါတယ်။ အထက်တန်းကျောင်း(၄)ကျောင်း၊ အထက်တန်းကျောင်းခွဲ(၅)ကျောင်း၊ အလယ်တန်းကျောင်း(၃)ကျောင်း၊ အလယ်တန်းကျောင်းခွဲ(၅)ကျောင်း၊ မူလွန်(၂၃)ကျောင်းနဲ့ မူလတန်း(၇၀)ကျောင်းတို့ ရှိကြပါတယ်။ တစ်မြို့နယ်လုံးဟာ အခြေခံပညာကျောင်းများရဲ့ ဖြန့်ကျက်နိုင်မှုဟာ ကောင်းမွန်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းနေအရွယ်ကလေးများရဲ့ ကျောင်းဝင်မှုနှုန်းက (၉၈.၀၂)အထိ ရှိတာကိုတွေ့ရပါတယ်။ တစ်မြို့နယ်လုံးအနေနဲ့ ပညာရေးအပိုင်းမှာ တိုးတက်နေတဲ့ မြို့နယ်တစ်နယ်အဖြစ်နဲ့ ရှိနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်း မြို့နယ်အတွင်းမှာရှိတဲ့ တချို့သောကျေးရွာများဟာ မူလတန်းအဆင့်သာ သင်ကြားနိုင် ပြီးတော့ အလယ်တန်းပညာ မသင်ကြားနိုင်ကြတဲ့ ဒေသများရှိနေသေးတာကို တွေ့နေရပါတယ်။ အထူးသဖြင့် တောင်ကြောရဲ့တစ်ဖက် ပင်လယ်ကမ်းခြေမှာရှိတဲ့ ကျေးရွာများဟာ မူလတန်းကျောင်းများ သာရှိပြီး အလယ်တန်းကျောင်းနှင့် အလှမ်းဝေးကွာခြင်း၊ ခရီးခက်ခဲခြင်းတို့ကြောင့် မူလတန်းပညာနဲ့ပဲ ဆုံးခန်းတိုင်လိုက်ရတဲ့ အနေအထားမျိုး ရှိနေတာကိုတွေ့ရပါတယ်။

အခုတင်ပြတဲ့ ပညစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဟာ နှစ်စဉ် ကျောင်းသားဦးရေ (၁၅၀)ပတ်ဝန်းကျင် ရှိတဲ့ကျောင်း ဖြစ်ပါတယ်။ ၎င်းကျေးရွာဟာ လောင်းလုံမြို့ရဲ့ အနောက်ဖက် တောင်(၄)လုံးလောက်ကျော်ပြီးတော့ သွားရတဲ့ ပင်လယ် ကမ်းခြေမှာရှိပါတယ်။ ပညစ်၊ ရှမ်းမော် ဟူ၍ မူလတန်းကျောင်း(၂)ကျောင်းရှိရာ အဲဒီဒေသမှ စတုတ္ထ တန်းအောင်ကျောင်းသားများဟာ လောင်းလုံတွင် လာရောက်ကျောင်းတက်နိုင်ရန် မဖြစ်နိုင်ကြတဲ့အတွက် မူလတန်းနဲ့ပင် ကျောင်းထွက်လိုက်ရကြတာ ကျွန်တော်သိရသလောက် ယနေ့အထိ ပညစ်ကျေးရွာမှ ကျောင်းသားများ အလယ်တန်း သင်ကြားနေသည်ကို မသိရသလောက်ပင်ဖြစ်ပါတယ်။ ယနေ့အချိန်အထိပင် ၎င်းအခြေအနေဟာ မပြောင်းလဲခဲ့ပါဘူး။ ယခုနှစ်တွင်တော့ ဆိုင်ကယ်လမ်းပေါက်လာသဖြင့် မိဘများကြိုပို့နဲ့ ကျောင်းသား(၂)ဦးသာ လောင်းလုံအ.ထ.ကမှာ ထူးထူးခြားခြား လာရောက်ပညာ သင်ကြားနေတာကို တွေ့ရပါတယ်။ ကျန်ကလေးများကလည်း အလယ်တန်းပညာကို သင်ကြားချင်ကြပါလိမ့်မယ်။ သို့သော်လည်း ကျောင်းမရှိ၍လည်းကောင်း၊ ရပ်ဝေးတွင် သွားရောက်နေထိုင်သင်ကြားရန် ငွေကြေးမရှိ၍လည်းကောင်း၊ အသိမိတ်ဆွေမရှိ၍လည်းကောင်း မူလတန်းပြီးဆုံးနဲ့ပင် ပညာရေးဘဝ ဆုံးခန်းတိုင်ကြရသည်မှာ ယနေ့အထိပင်ဖြစ်ပါတယ်။ ယနေ့ခေတ် ပညာရေးအလေးပေး မြှင့်တင်နေချိန်မှာ ကျောင်းမရှိ၍ ပညာဆက်မသင်ကြရတဲ့ ကလေးများအရေးကို ထည့်စဉ်းစားသင့်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ကျောင်းသားဦးရေမပြည့်မီ၍ တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါဘူးဆိုလျှင် ယခုတင်ပြတဲ့ကျောင်းများမှ ကျောင်းသား

များဟာ အလယ်တန်းပညာကို သင်ကြားကြရတော့မှာ မဟုတ်ပါ။ မူလတန်းပညာနှင့်ပင် ဆုံးခန်းတိုင် ခဲ့ရသည့် ကလေးပေါင်းများဟာလည်း များလှပါပြီ။ ယနေ့အထိပင်လည်းဖြစ်ပါတယ်။ ထိုသို့ သွားလာ ခက်ခဲလှတဲ့ ပညစ်အခြေခံပညာမူလတန်းကျောင်းကို မူလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် တင်ပြ ရခြင်းဖြစ်ပါတယ်။

ထိုနည်းအတူပင် ငပိတက်ငယ် အခြေခံပညာ မူလတန်းကျောင်းဟာလည်း ကျောင်းသား (၂၀၀)ကျော်ရှိပြီး လောင်းလုံမြို့နယ်ရဲ့ မြောက်ဖက်အစွန် ရေဖြူမြို့နယ်ရဲ့အစ ပင်လယ်ကမ်းခြေမှာ တည်ရှိပါတယ်။ အနီးစပ်ဆုံး အလယ်တန်းကျောင်းမှာ ငပိတက်ကြီး အလယ်တန်းကျောင်းခွဲ ဖြစ်ပါတယ်။ (၆)မိုင်ခန့်ကွာဝေးသော ချောင်းကြိုမြောင်းကြား ရေအတက်အကျမှာ လှေနဲ့သွားလာရတဲ့ ကျေးရွာ ဖြစ်ပါတယ်။ ငပိတက်ကြီး အလယ်တန်းကျောင်းခွဲသို့ ငွေကြေးတတ်နိုင်တဲ့ မိဘ (၁)ဦးစ၊ (၂)ဦးစမှလွဲ ပြီးတော့ လာရောက် မတက်ရောက်နိုင်ကြပါ။ ဆင်းရဲသား တံငါရွာကလေးဖြစ်၍ မူလတန်းပညာနှင့်ပင် ပြီးဆုံးသည်က များပါတယ်။ ထိုကလေးများအတွက် အလယ်တန်းပညာ ဆက်လက်သင်ကြားနိုင်ရေး အတွက် မူလွန်ကျောင်းအဖြစ် တိုးမြှင့်ပေးသင့်ပါတယ်။ ဒေသခံများကလည်း လိုလားတောင့်တလျက် ရှိပါတယ်။ သို့ပါ၍ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးမြန်းအပ်ပါတယ်။ လောင်းလုံမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း(၂)ကျောင်းဖြစ်တဲ့ အ.မ.က ပညစ်နှင့် အ.မ.က ငပိတက်ငယ်တို့အား ယခုလာမယ့် ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းလွန် ကျောင်းများအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိမရှိ ဖြစ်ပါတယ်။ ဒေသခံများရဲ့တောင်းဆိုချက်အရ တိုးမြှင့်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အထက်တန်းကျောင်းများသို့ ခွင့်ပြုပေးသော အသုံးစရိတ်သုံးစွဲရေး ညွှန်ကြားချက် ရှိ/မရှိ သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ မြင့်ကြည် က အထက်တန်းကျောင်းများသို့ ခွင့်ပြုပေးသော အသုံးစရိတ်သုံးစွဲရေး ညွှန်ကြားချက် ရှိ/ မရှိ သိရှိ လိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းက ပြီးခဲ့တဲ့နှစ်၊ ကျွန်တော်တို့ ပြီးခဲ့တဲ့ဘတ်ဂျက် ကုန်ခါနီးမှာ သက်ဆိုင်ရာ အခြေခံအထက်တန်း ကျောင်းအုပ်ကြီးများကို ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ငွေထုတ်ပေးပါတယ်။ ငွေ amount က တော့ သိပ်မများပါဘူး။ တချို့ဆိုရင် သိန်း (၂၀) အဲဒီပတ်ဝန်းကျင်လောက်ပါ။ သို့သော် ကျွန်တော့်အနေနဲ့ သိရှိရတာက ဒါကျွန်တော်တို့ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ နောက် သက်ဆိုင်ရာမြို့နယ်များ အဲဒီ ကနေကျွန်တော် သိရှိရတာက ဒီကျောင်းအုပ်ကြီးတွေဟာ ဒီငွေကို ဘယ်လိုသုံးစွဲရမယ်ဆိုတာ သူတို့

မသိပါဘူး။ ကျွန်တော်ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကတော့ ငွေကိုထုတ်ပေးတဲ့အခါမှာ ဘတ်ဂျက် ဘယ်ခေါင်းစဉ် အောက်ကနေပြီးတော့ သူတို့ထုတ်ပေးလိုက်ပါသလဲ။ ကျွန်တော်တို့ ဒီဘတ်ဂျက်ရဲ့ ခေါင်းစဉ်တွေ ရှိပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးလည်းပဲ သိရှိပြီးဖြစ်မှာပါ။ ကျွန်တော်တို့ ဝ၁- ဝ၂, ဝ၃-ဝ၄, ဝ၅, ဝ၇ စသည်အားဖြင့် ကျွန်တော်တို့ ဒီဦးစီးဌာနတွေနဲ့ သက်ဆိုင်ရာဦးစီးလို အဖွဲ့အစည်းတွေမှာ ဘတ်ဂျက်ခေါင်းစဉ်တွေ ရှိပါတယ်။ ဒါကြောင့် ဘယ်ဘတ်ဂျက်ခေါင်းစဉ် အောက်ကနေ ထုတ်ပေးပြီးတော့ ဘယ်လိုသုံးစွဲရမယ်ဆိုတာကို ညွှန်ကြားမှုမျိုး ဒါရှိခဲ့ပါသလား။ ကျောင်းအုပ်ကြီးတော်တော်များများဟာ မိမိတို့ရဲ့ စိတ်ကူးရရာ ဥပမာ ကျောင်းထဲမှာ ဒါ ကော်ဇောလိုတယ်ဆိုပြီးတော့ ဒီလို ကော်ဇောမျိုးတွေ ဝယ်တယ်။ ဒါမျိုးတွေပါ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတော့ တကယ်လို့ ကျွန်တော့် အနေနဲ့ ကျောင်းတစ်ခုမှာ ရှိနေတဲ့ ခုနက ဘတ်ဂျက်အသုံးစရိတ် စီမံခန့်ခွဲရေး ဒီအထဲကို ဝင်ရောက်ပြီးတော့ စွတ်ဖက်ခြင်းမဟုတ်ပါဘူး။ ဒါသူတို့သုံးမယ့် ဘတ်ဂျက်ဆိုလည်းပဲ သူတို့ညွှန်ကြား ထားတဲ့ အတိုင်း ခုနက ခေါင်းစဉ်တွေ၊ Sub ခေါင်းစဉ်တွေနဲ့ ခွဲပြီးတော့ Auditable ဖြစ်အောင် ဒါဆောင်ရွက်ထားတာတွေရှိမယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ခုနကတုန်းက ထုတ်ပေးလိုက်တဲ့အသုံးစရိတ်ဟာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက်ဆိုရင် ကျောင်းတွေမှာ မိဘဆရာအသင်းတွေရှိပါတယ်။ ဖွံ့ဖြိုးရေးအကျိုးတော်ဆောင်တွေ ရှိပါတယ်။ ဒီဟာတွေနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ မလိုအပ်ဘူးလား။ မလိုအပ်ဘူးဆိုရင် ဖွံ့ဖြိုးရေး အကျိုးတော်ဆောင်အဖွဲ့များ ကျောင်းတွေမှာ လိုအပ်ပါဦးမလား။ ဘာကြောင့်လဲဆိုတော့ ကျောင်းတွေမှာရှိတဲ့ ဖွံ့ဖြိုးရေး အကျိုးတော်ဆောင်ဟာ ကျောင်းတွေမှာ ကျွန်တော်တို့ လိုအပ်တဲ့ အလှူငွေတွေကောက်ခံဖို့၊ လိုအပ်တဲ့အသုံးစရိတ်တွေကိုပဲ သူတို့ဆီက မေတ္တာရပ်ခံဖို့ ဒီအတွက်ပဲ ကျွန်တော်တို့ ထားရှိပါသလား။ ဘာဖြစ်လို့လဲဆို ဒီဟာကဖွံ့ဖြိုးရေး ရန်ပုံငွေအတွက်ဆိုရင်တော့ ခုနကတုန်းက ဖွံ့ဖြိုးရေးအကျိုးတော်ဆောင်အဖွဲ့နဲ့ သူတို့ဆွေးနွေးပြီး ဟာဒီဘတ်ဂျက်ကတော့၊ ဒီငွေကတော့ ဒီလောက်လောက်ရတယ်။ ဒါဆိုရင် ဖွံ့ဖြိုးရေးအတွက် ဒီဟာလုပ်ချင်တယ်။ ကျောင်းအုပ်ကြီးအနေနဲ့ ဒီက ဖွံ့ဖြိုးရေးအကျိုးတော်ဆောင်အဖွဲ့ကရော ဘာများထပ်ပြီးတော့ ကူညီနိုင်မလဲဆိုရင် ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ထားတဲ့ ပြည်သူဗဟိုပြု ကျွန်တော်တို့စနစ်လည်းပဲ ကိုက်ညီမယ်လို့ထင်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စစ်တွေတက္ကသိုလ်ဟောင်း ယခင် Government High School အား အခြေခံပညာဦးစီးဌာန၊ မူလပိုင်ရှင် အ.ထ.က (၁) သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် လွှဲပြောင်းပေးအပ်မည်ဆိုပါက ယခု အမှတ်(၁)အ.ထ.ကအား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်သွားရန် အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က စစ်တွေတက္ကသိုလ်ဟောင်း ယခင် Government High School အား အခြေခံပညာဦးစီးဌာန၊ မူလပိုင်ရှင် အ.ထ.က(၁)သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် လွှဲပြောင်းပေးအပ်

မည်ဆိုပါက ယခု အမှတ်(၁)အ.ထ.က အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်သွားရန် အစီအစဉ် ရှိ /မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ရခိုင်(၁) မဲဆန္ဒနယ်(၁)မှ ဦးအေးမောင် ဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကို တင်ထားတဲ့ အကြောင်းရင်းတွေ ရှိပါတယ်။ ဒီကြားထဲမှာ ကျွန်တော်တို့ (၁၀)တန်းအောင်ချက်တွေ ထွက်လာပါတယ်။ ပြီးခဲ့တဲ့နှစ်က (၁၀)တန်းအောင်ချက်ထက် ဒီနှစ် (၁၀)တန်းအောင်ချက်က ကျဆင်းသွားပြန်ပါတယ်။ နောက် ကျွန်တော်တို့ ဒီအခြေခံပညာရေးနဲ့ ပတ်သက်တဲ့ကဏ္ဍကို ပိုပြီး အာရုံစူးစိုက်စေလိုတဲ့ မြန်မာနိုင်ငံ အမျိုးသားပညာရေး မူဝါဒကောင်စီရဲ့ ကျွန်တော်တို့ ကောင်စီမှာ ထည့်သွင်းလိုတဲ့ အချက်ကလေးတွေ၊ နောက်ဒီ မူလပိုင်ရှင်ကို ပြန်ပြီးပေးတတ်တဲ့ အစဉ်အလာတွေ ရှိစေချင်တာရယ်၊ နောက်ဒီကျောင်းကြီးမှာ အခုကျွန်တော်တို့ သက်တော်အားဖြင့်ဆိုရင် (၈၀)၊ (၉၀)ရှိကြတဲ့ပုဂ္ဂိုလ် ကျောင်းသားဟောင်းကြီးများရဲ့ မိမိတို့ရဲ့ မူလကျောင်းကြီးကို မိမိတို့ အသက်ထင်ရှားရှိစဉ်တုန်းမှာ မူလကျောင်းကြီးအဖြစ် ပြန်မြင်စေချင်တဲ့ဆန္ဒတွေကို ပညာရေးဝန်ကြီးဌာနကတစ်ဆင့် မြန်မာနိုင်ငံပညာရည် မြင့်မားရေးကို ရည်မျှော်မှန်းနေကြတဲ့ပြည်သူတွေကို သိစေချင်လို့ ဒီမေးခွန်းကိုမေးတာဖြစ်ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ပညာရေးစနစ်ကြီးကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ ဒီ အမျိုးသားပညာရေးမူဝါဒဟာ အင်မတန် အရေးကြီးပါတယ်။ အမျိုးသားပညာရေး မူဝါဒကြောင့် ကျွန်တော်တို့အခြေခံပညာ၊ အထက်တန်းပညာ စသဖြင့်ပညာရေးကဏ္ဍကို ဖြတ်သန်းတဲ့ အခါမှာ ကျွန်တော်တို့မှာ အမှားအယွင်းတွေရှိခဲ့လို့ ဒီဒဏ်ကို ကျွန်တော်တို့ အခု ပွင့်လင်းတဲ့ခေတ် နိုင်ငံတကာနဲ့ဆက်စပ်ပြီးတော့မှ ကျွန်တော်တို့ရဲ့ပြည်ထောင်စုကြီးကို ပြန်လည်တည်ဆောက်တဲ့ခေတ် မျိုးရောက်တဲ့အခါမှာ ကျွန်တော်တို့မှာ အပြန်အလှန်သုံးသပ်သင့်ပြီဆိုတဲ့ တကယ့်ဘဝက တွေ့တဲ့ သင်ခန်းစာလေးကို ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ကာလမို့လို့ တင်ပြတာပါ။ ကျွန်တော်တို့ ပြီးခဲ့တဲ့ခေတ်တွေတုန်းကဆိုရင် ကျွန်တော်တို့ရဲ့ ကျောင်းသားကြီးတွေ ကျွန်တော်တို့ရဲ့ ကျောင်းအုပ်ဆရာကြီး တွေ၊ ဆရာမကြီးတွေ၊ မိဘတွေအကုန်လုံးဟာ မိမိတို့ရဲ့ စာသင်ကျောင်းလေးတွေကို ဂုဏ်ယူစွာနဲ့ ဆက်ပြီးတော့လည်း ဂုဏ်ယူနိုင်လောက်အောင် ကျောင်းသား၊ မိဘ၊ ဆရာ ညီညီညွတ်ညွတ်နဲ့ ပြည်သူလူထု ညီညီညွတ်ညွတ်နဲ့ ကျွန်တော်တို့တည်ဆောက်ခဲ့ကြပါတယ်။

အဲဒီအစဉ်အလာကောင်းလေးတွေဟာတဖြည်းဖြည်းနဲ့ ၆၂ အလွန်လောက်မှာ ကျွန်တော်တို့ မှတ်မှတ်ရရပါ ။ မစ်ရှင်ကျောင်းတွေပြိုလဲလာတယ်။ ၈၈ အလွန်လောက်မှာ တက္ကသိုလ် ပညာရေးဟာ လူထုနဲ့ကင်းပြီးခါမှ မြို့ပြင်ရောက်လာတယ်။ ဒီဒဏ်ဟာ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ပြောရင် ရာစုနှစ် တစ်ဝက်ကျော်ကျော်လောက် ကျွန်တော်တို့ ကြုံတွေ့နေခဲ့ကြပါပြီ။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ဒီ ကျွန်တော်တို့ရဲ့ အဖေအရွယ်ထက် ကြီးပါတယ်၊ အဘိုးကြီးတွေ လူပေါင်း (၂၀၀)ကျော်လောက် ကျွန်တော်တို့ရဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ ပညာရေးဝန်ကြီးဌာနကတစ်ဆင့် မိမိတို့ရဲ့ မူလနေခဲ့တဲ့

ကျောင်းကြီးကိုပြန်ပြီးတော့ ကျောင်းရဲ့ဂုဏ်ရောင် ပြောင်မြောက်အောင် ရခိုင်ပြည်နယ် ပညာရေးရဲ့နိမ့်ကျတဲ့အခြေအနေကို ပြန်လည် မြှင့်တင်နိုင်အောင် မူလပိုင်ရှင်များဆီကို ပြန်လည် အပ်နှံတတ်တဲ့ ကျင့်စဥ်လေးတွေ ပြန်ရအောင် သူတို့ရဲ့ရည်မှန်းချက်နဲ့ ပြန်လည်တောင်းခံပါတယ်။ နိုင်ငံတော်သမ္မတကြီးဆီကိုလည်း တင်ပြတောင်းခံပါတယ်။ ကျွန်တော်တို့လို အမျိုးသားလွှတ်တော် ပြည်သူ့လွှတ်တော်အမတ်တွေကိုလာပြီး ကျွန်တော်တို့ကို တိုက်တွန်းပါတယ်။ တင်ပြပေးပါ။ ဆိုတဲ့အခါ ကျတော့ ဒီအခြေခံပညာရေးရဲ့ကဏ္ဍ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီအခြေခံပညာရေးရဲ့အစဖြစ်တဲ့ KG နောက်အခြေခံပညာကို ပွင့်ပွင့်လင်းလင်းပြောရင် ကျွန်တော်တို့ ပညာရေးမူဝါဒမှာ မေ့လျော့များ နေသလား။ အခု အထက်တန်းပညာနဲ့ပတ်သတ်လို့ တက္ကသိုလ်များရဲ့ကဏ္ဍ ဂုဏ်ရောင် ပြောင်မြောက် အောင် ငွေအား၊ လူအားနဲ့ နိုင်ငံတကာပညာရပ်ဝန်းနဲ့ ချိတ်ဆက်ပြီးမှ လုပ်တဲ့ကဏ္ဍကို တွေ့တဲ့အခါမှာ ဝမ်းမြောက်ပါတယ်။ ဒါပေမယ့် အခြေခံပညာရဲ့ကဏ္ဍ တစ်ခု အထူးသဖြင့် ကျောင်းရဲ့ဥပဓိရုပ် အင်မတန် အရေးကြီးပါတယ်။ ဒီကျောင်းဥပဓိရုပ်တည်တည်တံ့တံ့နဲ့ သမိုင်း အမွေအနှစ် တစ်ခုကို ထိန်းသိမ်းပြီးမှ ဒီကျောင်းကြီးရဲ့အစဥ်အလာကိုပြန်ပြီးတော့ ဂုဏ်ယူတတ်တဲ့ မျိုးဆက်တွေ ရှိဖို့လိုပါတယ်။ အဲဒီအခါမှာ ဒီကျောင်းကြီးဟာ ဂုဏ်ရောင်ပြောင်တဲ့ ကျောင်းကြီးဖြစ်ဖို့ ဒီကျောင်းကြီး ရဲ့ ဥပဓိရုပ် တည်ငြိမ်ပြီးကာ မှ အများဂုဏ်ယူနိုင်တဲ့ ပစ္စည်းတွေနဲ့တည်ဆောက်ထားဖို့ ဒီကျောင်းကြီးရဲ့ ပွင့်ပွင့်လင်းလင်းပြောရင် ရုပ်ဝတ္ထုအပြင် သက်ရှိပစ္စည်းတွေဖြစ်တဲ့ ဆရာ/ ဆရာမ များရဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဒီကျောင်းကြီးပေါ်မှာ အနစ်နာခံပြီး ပညာဖြန့်ဝေပေးလို့မှု၊ မိဘတွေက ဂုဏ်ယူစွာနဲ့ ဒီကျောင်းကြီးကို ကျောင်းသားတွေကို ပေးပို့လို့မှု စသဖြင့် မိဘ၊ ကျောင်းသား၊ ဆရာ အကျိုးမျှပြီးကာမှ ဒီကျောင်းကြီးရဲ့ဂုဏ်ကို ပြန်ဖော်ဖို့လိုလာပြန်ပါတယ်။

အဲဒါကြောင့်မို့ ပညာရေးစနစ်တစ်ခုကို ပြန်ကြည့်တဲ့အခါမှာ သူ့ရဲ့ကျောင်း၊ သူ့ရဲ့ဆရာ/ဆရာမ၊ ကျောင်းသားလူငယ်ရဲ့ ပတ်ဝန်းကျင်ရပ်ဝန်း ပြီးလို့ရှိရင် သင်ရိုးညွှန်းတမ်း၊ ပြီးလို့ရှိရင် ဒီဆရာ/ဆရာမတွေ ပျော်အောင်ထားနိုင်တဲ့ပတ်ဝန်းကျင်၊ စာမေးပွဲစနစ် ကျွန်တော်တို့ပြန်ကြည့်တဲ့အခါမှာ အခြေခံပညာမှာ ဂုဏ်ထူး (၆) ဘာသာတွေ ရာချီ၊ ထောင်ချီ ထွက်တာကို အင်မတန် အံ့ဩပါတယ်။ အမှန်က သင်ရိုးညွှန်းတမ်း တစ်ခုရဲ့နောက်မှာ ကျွန်တော်တို့ရဲ့စာမေးပွဲစနစ်ဆိုတာ ဒီလောက်ထိ ဖောဖောသီသီလေးနဲ့ ဂုဏ်ထူးပေးဖို့ မလိုအပ်ဘူးထင်ပါတယ်။ ဒီဥစ္စာတွေဟာ ပြန်လည်သုံးသပ်ဖို့ ပညာရေးမူဝါဒမှာ အင်မတန်အရေးကြီး ပါတယ်။ အဲဒီဟာနဲ့တစ်ဆက်တည်း ကျွန်တော် ခုနကတင်ပြတဲ့ ၁၈၈၅ ခုနှစ်၊ အင်္ဂလိပ်သိမ်းတဲ့ ကာလ လောက်ကစလို့ ကျွန်တော်တို့ရဲ့ရခိုင်၊ တနင်္သာရီဟာ အင်္ဂလိပ်လက်အောက်ကို ကျရောက်ပါတယ်။

အဲဒီကာလက Government High School လို့ခေါ်ပါတယ်။ ဂါမန်းကျောင်းလို့ခေါ်ပါတယ်။ အဲဒီလိုပဲ ဒီမှာ နော်မန်းကျောင်းဆိုတာလည်းရှိပါတယ်။ ဒီ ဂါမန်းကျောင်းကြီးဟာ အင်မတန် ကျယ်ဝန်းပါတယ်။ စစ်တွေမြို့ရဲ့ အလယ်ခေါင် မှာရှိပါတယ်။ ဗဟိုချက်မမှာရှိပါတယ်။ အုတ်တံတိုင်းကြီးတွေ ကာပြီးအားကစားကွင်းကြီးတွေနဲ့ အင်မတန်ခံ့ညားတဲ့ကျောင်းကြီး ဖြစ်ပါတယ်။ အဲဒီကျောင်းကြီးကို လိုအပ်ချက်အရ ၁၉၇၁ ခုနှစ်လောက်က ကျွန်တော်တို့ရဲ့စစ်တွေကောလိပ် ကျောင်းဖွင့်ဖို့အတွက်ခေတ္တ ယူတဲ့သဘောပါ။ အပိုင်သိမ်းတဲ့သဘောမဟုတ်ပါ။ ခေတ္တယာယီလို့သုံးပြီးကာမှ အခြေခံပညာကနေ ပြီးတော့မှ အထက်တန်း ပညာကိုပြောင်းယူပါတယ်။ ခုဆိုလို့ရှိရင် နှစ်ပေါင်း (၄၃)နှစ်လောက်ရှိပါပြီ။ အဲဒီကျောင်းကြီးဟာ ဧကပေါင်း (၆) ဧကလောက် ခန့်မှန်းကျယ်ပါတယ်။ မြို့လယ်ခေါင်မှာရှိပါတယ်။

အဲဒီကျောင်းကြီးကိုအပ်ပြီးကာမှ ဒီကျောင်းက ဝတ္ထုပစ္စည်းအကုန်လုံးဟာ အင်မတန် ကျဉ်းမြောင်းတဲ့ပေ(၁၅၀) ပေ(၄၀၀)လောက်ရှိတဲ့ မေယုလမ်းရဲ့ ကျဉ်းမြောင်းတဲ့နေရာလေးမှာ အထက(၁) အဖြစ် ပြန်ပြီးဖွင့်လှစ်ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကိုရောက်တဲ့အခါမှာ ဒီကျောင်းကြီးမှာပဲ (၄၀)ရာခိုင်နှုန်းလောက်သော မြေကို တစ်ခါ မြို့နယ်စုပညာရေးမှူးရုံး ဖွင့်မယ် ဆိုပြီးတော့ ထပ်သိမ်းယူသွားပြန်ရော အဲဒီအခါမှာ ဒီကျောင်းကြီးမှာရှိတဲ့အခါမှာ ပထမတော့နှစ်ထပ် ကျောင်းဆောင်လို့ပါ နောက်က တစ်ဆောင် ရှေ့က တစ်ဆောင် ရှိပါတယ်။ နောက်က အဆောင်နဲ့ ရှေ့က အဆောင်ကို သွားဖို့လာဖို့က တံခါးပေါက်လေးက တစ်ခုပဲရှိပါတယ်။ (၅) ပေ (၄)ပေလောက်ပဲ ရှိတယ်လို့ ပြောပါတယ်။ တကယ်လို့များ နောက်အဆောင် တစ်ခုခုဖြစ်လို့ ရှေ့အဆောင် က ထွက်ပြေး ကာမှ ကျောင်းသားတွေ လွတ်ရာကို ပြေးမယ်ဆိုလို့ရှိရင် အင်မတန် ခက်ခဲတဲ့ ကျောင်းရဲ့ ဖွဲ့စည်း တည်ဆောက်ပုံပါ။ အားကစားကွင်း မရှိပါဘူး။ အခြားမည်သည့် ကွက်လပ်မှ မရှိတဲ့ ကျောင်းလေးမှာ ပေ (၄၀)လောက်ကို မြို့နယ်စု ရုံးဖွင့်တော့မယ်ဆိုတဲ့အခါမှာ ပထမတစ်ချိန် သင်တဲ့ ကျောင်းကြီးဟာ နှစ်ချိန် သင်တဲ့ကျောင်း ဖြစ်သွားတယ်၊ ဆိုတဲ့အခါမှာ ဒီလောက် နှစ်ပေါင်း (၄၀)ကျော်လောက် ဒီ အပ်နှင်းထားခဲ့ရတဲ့ သူတို့ရဲ့အင်မတန်ဂုဏ်သရေ ရှိတဲ့ကျောင်းကြီးကို ပြန်လိုချင်တဲ့ဆန္ဒတွေ အထူးသဖြင့်ကျောင်းသား အဟောင်းကြီးတွေမှာရှိပါတယ်။

အဲဒီအခါမှာ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမျာ ၁၉၇၁ နောက်ပိုင်းမှာ ဒီကျောင်းဝင်းကြီး ထဲမှာ ဟိုတုန်းကဆိုရင် ပြည်နယ်ပညာရေးမှူး၊ ခရိုင်/ မြို့နယ် ပညာရေးမှူးရုံးစတာတွေ ရုံးစိုက် ပါတယ်။ နောက် ၇၁ ခုနှစ်လောက်မှာ စစ်တွေကောလိပ်၊ နောက်ဒေသကောလိပ် ဖွင့်တဲ့အခါမှာ ကောလိပ်ရဲ့ကျောင်းအုပ်ကြီးတွေ၊ ပါမောက္ခချုပ်တွေက ဒီမှာလာပြီး နေတဲ့အိမ်လေးတွေ လုပ်လာ ပါတယ်။ ဆရာ/ဆရာမတွေကို ထားပါတယ်။ အခုတစ်ခါမှာတော့ မြို့ပြင် ဘုမေကျေးရွာအုပ်စုမှာပါ စစ်တွေကောလိပ်ကြီးကို တစ်နှစ်ကိုလည်း ဘတ်ဂျတ် သိန်းပေါင်း သောင်းချီပြီးကာမှ ဝင်းကြီးကြီးနဲ့ တည်ဆောက် ထားတဲ့ကာလမျိုး ဖြစ်လာတဲ့အခါမှာ ဆရာ/ဆရာမအဆောင်တွေကလည်း သီးသန့် တကယ်လို့များ စစ်တွေကောလိပ်ရဲ့ အင်မတန်ကျယ်ဝန်းတဲ့ ဧကပေါင်း တော်တော် ကျယ်ဝန်းပါတယ်။ ပင်လယ် ကမ်းစပ်ကနေ ဒီဘက်က မင်းဂန်တို့၊ ဥပိန်တို့နဲ့ ထိစပ်တဲ့ ကျယ်ဝန်းတဲ့ ဝင်းကြီး ခတ်ထား ပါတယ်။

အဲဒီကျောင်းကြီးမှာ စစ်တွေတက္ကသိုလ်ကြီးကို အပြီးအပိုင်ပြောင်းပြီးကာမှ မူလပိုင်ရှင် ဖြစ်တဲ့ အထက(၁)ကို စစ်တွေကောလိပ်ကို မူလဌာနစဉ်တုန်းက ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ပြောရင် ပဋိညာဥ်ဖြစ်တဲ့ ယာယီငှားရမ်းတဲ့အခြေအနေက ခုချိန်ခါမှာ ပြန်လည် ပေးအပ်သင့်ပြီဆိုတဲ့ အမြင်လေးနဲ့ ကျွန်တော်တင်ပြတဲ့ပုဂ္ဂိုလ်ကြီးတွေက တောင်းခံလာတဲ့အခါမှာ ပညာရေးဝန်ကြီးဌာန အနေနဲ့ စဉ်းစားပြီးကာမှ အခြေခံပညာ ကျွန်တော်တို့ရဲ့ အခြေခံပညာ ရခိုင်ပြည်နယ်ပညာရေး ကျဆင်းနေတဲ့ကဏ္ဍလေးတွေကို ပြန်လှန်သုံးသပ်ပြီးမှ ဒီမြို့လယ်ခေါင်မှာ တကယ်လို့များ အခြေခံပညာအထက်တန်း ကျောင်းကြီးအဖြစ် ဂုဏ်ရောင်ပြောင်တဲ့ ကျောင်းကြီးကို ပြန်ပြီး တည်ဆောက်ပေးနိုင်ခဲ့မယ်ဆိုရင် မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်းပြီးမှ ခုနက ကျွန်တော်ပြောတဲ့ အခြေခံပညာရဲ့ လိုအပ်တဲ့ကွက်လပ်လေးတစ်ခု ဖြည့်ပေးနိုင်မယ်ဆိုရင် အထက်တန်းပညာ ခု တည်ဆောက်တဲ့တက္ကသိုလ် ရပ်ဝန်းတို့ လွတ်လပ်ပြီးကာမှ ခုပြောနေကြတဲ့ အသုံးအနှုန်းတွေရှိပါတယ်။

ရင့်ကျက်တည်ငြိမ်တဲ့ ဖန်တီးလိုစိတ်ရှိတဲ့ တက္ကသိုလ်ပတ်ဝန်းကျင်မျိုးကို ဖန်တီးနိုင်အောင် အခြေခံဖြစ်တဲ့ အခြေခံပညာအထက်တန်းများရဲ့ ရင့်ကျက်တည်ငြိမ်မှု တစ်နည်းအားဖြင့် ကျောင်းနေပျော်ပြီးကာမှ မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းပြီးမှ ကျွန်တော်တို့ရဲ့ ပညာရေးမူဝါဒကို တည်ဆောက်လုပ်နိုင်အောင် ကျွန်တော်တို့ရဲ့မူလပိုင်ရှင် အခြေခံပညာ အထက်တန်းကျောင်းကို ပြန်လည်ပေးအပ်ဖို့သင့်ပြီဟု တင်ပြရင်းနဲ့ မိဘပြည်သူများကိုယ်စားကျွန်တော် ဒီမေးခွန်းလေးကို မေးရတာဖြစ်ပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ဒီမေးခွန်း (၂) ခုလောက်ကို မေးမြန်းလိုပါတယ်။ ယခုအခါ နှစ်စဉ်ဘဏ္ဍာငွေများစွာနဲ့ ကျွန်တော်တို့ စစ်တွေတက္ကသိုလ်ကြီးကို ပိုပြီးခန့်ညားထည်ဝါမှုရှိအောင် တည်ဆောက်နေပါတယ်။ အဲဒီလိုပဲ နှစ်စဉ်အဆောင်များ တိုးချဲ့တည်ဆောက်ခြင်း၊ ကျောင်းသား/ကျောင်းသူများအတွက် အဆောင်များ တည်ဆောက်ခြင်း၊ ဆရာ/ဆရာမများအတွက် အဆောင်များ တည်ဆောက်ခြင်း၊ မူလ ကျွန်တော်တို့၏ အထက(၁) ကြီးမှာ ဖွင့်ထားခဲ့တဲ့ အဝေးသင်တက္ကသိုလ်ကြီးဟာဆိုလို့ရှိရင်လည်း အခုစစ်တွေတက္ကသိုလ်ကြီးထဲမှာ ပြောင်းပြီး ကာမှ ဖွင့်လှစ်နိုင်ခြေရှိခြင်း စသည့် ကောင်းတဲ့အခြေအနေအချက်လက်များကို အပြန်အလှန် သုံးသပ်ပြီးမှ ကျွန်တော်တို့ရဲ့အခြေခံပညာအဆင့်ပိုမြင့်လာပြီး ကျောင်းသား၊ ဆရာ၊ မိဘ ပူးပေါင်းပြီးမှ ကျွန်တော်တို့ရဲ့ အခြေခံပညာ အောင်ချက်ကောင်း လာအောင် ရခိုင်ပြည်နယ် ဂုဏ်ဆောင်ကျောင်းကြီး ဖြစ်လာအောင် စစ်တွေမြို့ရဲ့ ဂုဏ်ဆောင်ကျောင်းကြီးဖြစ်လာအောင် ကျွန်တော်တို့ရဲ့မူလပိုင်ရှင်ကို လွှဲပြောင်းပေးနိုင်ပါ့မလား ဆိုတာတစ်ခုပါ။

တကယ်လို့များ လွှဲပြောင်းပေးနိုင်မယ်ဆိုရင် ဘယ်ခုနှစ်လောက်မှာ စပြီး လွှဲပြောင်းပေးနိုင်မလဲ၊ ခုနက ယာယီဖွင့်ထားတဲ့ အထက (၁) ကြီးကို တကယ်လို့များ အခြေခံပညာ အလယ်တန်းကျောင်းကြီးအဖြစ် ပြန်လည်ပြောင်းရွှေ့ဖွင့်ပေးနိုင်မယ်ဆိုရင် ဘယ်လိုစီစဉ်ပေးမလဲ။ အဲဒီကျောင်းကြီးထဲမှာ မြို့နယ်စုပညာရေးမှူးရုံးဖွင့်လှစ်ဖို့ လုပ်နေတဲ့ကဏ္ဍကို တကယ်လို့များ မီးလောင်ပြင်တို့ ဘာတို့ရှိတယ်၊ တခြားအစိုးရရဲ့မြေတွေမှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးမှ မြို့နယ်စုပညာရေးမှူးရုံးကိုဖွင့်လှစ်နိုင်ရင် ရဘူးလားဆိုတာမျိုးနဲ့ ဒီမေးခွန်းကို ကျွန်တော် မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကြီးကျေးရွာ၊ ရွာလေး(၁) အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဇော်ဝင်း က ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကြီးကျေးရွာ၊ ရွာလေး(၁) အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဦးဇော်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊

ထန်းပင်ချောင်ကြီးကျေးရွာ၊ ရွာလေး(၁) အခြေခံပညာမူလတန်းကျောင်းကို ၁၉၄၂ ခုနှစ် စတင်ဖွင့်လှစ်ချိန်ကတည်းက ကျောင်းဆောင် မရှိပါသဖြင့် ရွာလေးကျောင်း ဆရာတော်မှ ရွာရှိကလေးများ ပညာသင်ကြားနိုင်ရေးအတွက် ရွာလေးဘုန်းတော်ကြီးကျောင်းဇရပ်တစ်ဆောင်အား ပညာသင်ကြားခွင့် ခွင့်ပြုခဲ့သည်မှာ နှစ်ပေါင်း (၇၀)ခန့် ရှိပြီး ဖြစ်ပါတယ်။ ယခုအခါ ကျောင်းဆောက်ရန် မြေနေရာရရှိထားပြီး သက်ဆိုင်ရာသို့ ရန်ပုံငွေတင်ပြတောင်းခံသော်လည်း ကျောင်းဆောက်ပေးနိုင်ခြင်း မရှိသေးပါသဖြင့် ရွာလေးကျောင်းဆရာတော်ကလည်း မြေနေရာရရှိထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့ ဘုန်းတော်ကြီးကျောင်းဇရပ်အား ဥပုသ်သည်များ အေးချမ်းစွာ ဥပုသ်သီလ စောင့်တည်နိုင်ရန်အတွက် အမြန်ဆုံးဖယ်ရှားပေးဖို့ မိန့်ကြားထားပြီးဖြစ်ပါသောကြောင့် ရွာလေးရှိကလေးများ ပညာသင်ကြားနိုင်ရန်အတွက် ထန်းပင်ချောင်ကြီးကျေးရွာ၊ ရွာလေး(၁) အခြေခံပညာ မူလတန်းကျောင်းကို ဆောက်လုပ်ပေးရန်အစီအစဥ်ရှိ/မရှိ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၁၅ မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၁၅)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၃၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၁၀။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး၊ ကာယစိတ္တသုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင် က

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ (၅)ဦးရဲ့ မေးခွန်းများကို တစ်ဆက်တည်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ရဲ့ ဝေးလံခက်ခဲသော ဒေသရှိ ပညာရေးဝန်ထမ်းများအား နေ့ရာသီအပြန်ခရီးစရိတ်နဲ့စပ်လျဉ်းတဲ့ မေးမြန်းချက်အား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စားလှယ်ကြီးမှ အချက် (၃)ချက်နဲ့ မေးမြန်းထားပါတယ်။

ပထမ မေးမြန်းချက်ကို ဖြေကြားရမယ်ဆိုရင် ဝေးလံခက်ခဲသော ဒေသရှိ ပညာရေးဝန်ထမ်းများအား နေ့ရာသီ အိမ်ပြန်ခရီးစရိတ်အဖြစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်အတွင်း ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး တို့အတွက် ထုတ်ပေးခဲ့တဲ့ ပညာရေးဝန်ထမ်းများရဲ့ နေ့ရာသီအပြန်ခရီးစရိတ်အား နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ညွှန်ကြားခဲ့ပါတယ်။ ဒီလိုညွှန်ကြားရခြင်းဟာလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ၈-၁၁-၂၀၁၃ ရက်စွဲပါစာအမှတ် စဆ-၅ / ၆၀၁၈ (၄၅၂)/၂၀၁၃ အရ ဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကလည်း Value for money ရှိ၊ မရှိ အဓိက စစ်ဆေးတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီလေ့လာတွေ့ရှိချက်အရဆိုရင် လက်ရှိတည်ဆဲဖြစ်တဲ့ ခရီးစရိတ် ညွှန်ကြားချက်နဲ့ မကိုက်ညီတဲ့အတွက် ပြန်လည် သွင်းစေရန် ညွှန်ကြားခဲ့ကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယမေးမြန်းချက်မှာ ကျွန်တော်တို့ ရည်ညွှန်းပါစာအရ ကျွန်တော်တို့ နိုင်ငံတော်ကို ပြန်လည်ပေးသွင်းရန် ညွှန်ကြားထားကြောင်း ထည့်သွင်းဖြေကြားအပ်ပါတယ်။ တတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင်တော့ ပြန်လည်ပေးသွင်းရန် မတတ်နိုင်သူများကို အရစ်ကျပေးသွင်းခွင့်ပြုနိုင်ခြင်း ရှိ/ မရှိနဲ့ စပ်လျဉ်းပြီးတော့ သေဆုံးမှုနဲ့ အငြိမ်းစားဝန်ထမ်းများမှ လွဲ၍ ကျန်ဝန်ထမ်းများမှ ထုတ်ယူခဲ့တဲ့ နေ့ရာသီအိမ်ပြန် ခရီးစရိတ်တွေကို ၄-၂-၂၀၁၄ ခုနှစ်မှာ အကျေအလည် ပေးသွင်းပြီးဖြစ်တဲ့အတွက် ဒီညွှန်ကြားချက် ထုတ်စရာ မလိုအပ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် ရဲ့ လောင်းလုံမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း (၂)ကျောင်းဖြစ်တဲ့ ပညစ်အခြေခံမူလတန်းကျောင်းနှင့် ငပိတက်ငယ် အခြေခံပညာမူလတန်းကျောင်းတို့အား ယခုလာမယ့် ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းလွန်ကျောင်းများအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနနဲ့ နိုင်ငံတော်အစိုးရဟာ Drop Out Rate လို့ခေါ်တဲ့ ကျောင်းထွက်တဲ့နှုန်းတွေ လျော့ကျသွားအောင် စီမံချက်များချမှတ်ပြီးတော့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာလည်း ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးသာမက Enrollment တိုးတက်ရေးသာမက ကျောင်းနေနှုန်းမြဲရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့်မိုလို့ လောင်းလုံမြို့နယ်အတွင်းမှာရှိတဲ့ အခြေခံ (၂)ကျောင်းဖြစ်တဲ့ ပညစ် အခြေခံပညာမူလတန်းကျောင်း နှင့် ငပိတက်ငယ် အခြေခံပညာမူလတန်းကျောင်းတို့ကို မြေပြင်အခြေအနေ စစ်ဆေးရာမှာ ပညစ် အခြေခံပညာမူလတန်းကျောင်းဟာ မူလကျောင်းနဲ့ ၃.၅ မိုင် ဝေးပြီးတော့ ငပိတက်ငယ် အခြေခံပညာမူလတန်းကျောင်းဟာလည်း ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့အတိုင်း ၁၀ မိုင်ခန့် ကွာဝေးတာကို စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ လက်ရှိသတ်မှတ်ချက်များနှင့်လည်းကောင်း ဒေသန္တရအခြေအနေ သော်လည်းကောင်း ကိုက်ညီတဲ့ အခြေခံပညာမူလတန်းလွန် (၂)ကျောင်းကို ၂-၆-၂၀၁၃ ရက်နေ့မှာ အဆင့်တိုးပြီး ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဒေါက်တာမြင့်ကြည် ရဲ့ အထက်တန်းကျောင်းများသို့ ခွင့်ပြုပေးထားသော အသုံးစရိတ်သုံးစွဲရေး ညွှန်ကြားချက် ရှိ/ မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အခြေခံပညာကျောင်းများကို အ.မ.က ၊ အ.လ.က ၊ အ.ထ.က အဆင့်ခွဲပြီးတော့ သာမန်အသုံးစရိတ် ရုံးအသုံးအဆောင်ပစ္စည်းများ 03-05 နှင့် လုပ်ငန်းသုံး ပစ္စည်းများ 03-13 ခေါင်းစဉ်အောက် အသေး သုံးရန်ပုံငွေများကို ခွဲဝေချထားပေးလျက်ရှိပါတယ်။ အဆိုပါ ရန်ပုံငွေများကို ငွေစာရင်းခေါင်းစဉ် ကိုက်ညီစွာ သုံးစွဲနိုင်ရေးအတွက် ရသုံးမှန်းခြေ ငွေစာရင်းဌာနမှ ဖြန့်ဝေပေးထားတဲ့ သာမန်အသုံးစရိတ် ငွေစာရင်း ခေါင်းစဉ်များ ဥပမာအားဖြင့် 03.01 လုပ်အား‌ခ၊ 03-02 အခွန်အခ၊ 03-04 သယ်ယူပို့ဆောင်ခ၊ 03-05 ရုံးအသုံးအဆောင်ပစ္စည်း စတဲ့ ခေါင်းစဉ်တွေနဲ့အညီ သုံးစွဲနိုင်ဖို့ 131 လို့ ခေါ်တဲ့ Form မှာသေချာ ဖြည့်စွက်ပြီးတော့ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ဖို့အတွက် သင်တန်းများပေးခြင်း၊ စီမံခန့်ခွဲမှုများကို ဖြန့်ဝေဖြင်း ဒီလိုလက်ဆွဲ စာအုပ်များနဲ့လည်း ကျွန်တော်တို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ အဲဒီအပြင် မြို့နယ်ပညာရေးမှူးနဲ့ သက်ဆိုင်ရာမြို့နယ် စာရင်းစစ်ချုပ်ရုံးကလည်း စာရင်းရုံးတွေကလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်း ရှိ၊ မရှိကို စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒီတော့ အခြေခံကျောင်းများကို ခွဲဝေပေးတဲ့ အသေးသုံးရန်ပုံငွေဟာ ပြည်ထောင်စု ဘတ်ဂျက်ဖြစ်တဲ့အတွက် အဆုံးအဖြတ်ပြုရမယ့်သူကတော့ ကျောင်းအုပ်ကြီး ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီကျောင်းအုပ်ကြီး တစ်ဦးတည်း ကိုင်တွယ်သုံးစွဲခြင်း မဖြစ်စေရန်အတွက် ကျောင်းအုပ်ကြီး အပါအဝင် ဆရာ/ ဆရာမများ ပါဝင်သော အသေးသုံးရန်ပုံငွေ သုံးစွဲရေးအဖွဲ့ ဖွဲ့စည်းသုံးစွဲရန် လမ်းညွှန်ထားပြီး ဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ သို့မဟုတ် မိဘဆရာအသင်းဟာ ကျောင်းအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များကို ပူးပေါင်းဖြည့်ဆည်းပံ့ပိုးကူညီရန်နဲ့ ပြည်ပအလှူရှင်များက လှူဒါန်းသော အလှူငွေ များလက်ခံရှိပါက စနစ်တကျ အကျိုးရှိစွာ သုံးစွဲနိုင်ရန်အတွက် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရန်ပုံငွေ ထိန်းသိမ်းရေးအဖွဲ့မှာလည်း ဒုတိယကျောင်းအုပ် သို့မဟုတ် လုပ်သက်ရင့် ဆရာ/ ဆရာမ တစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း အဖွဲ့ဝင် (၃)ဦးအဖြစ် လုပ်သက်ရင့် ဆရာ/ ဆရာမ (၁)ဦး၊ ကျောင်းအကျိုးတော်ဆောင် (၁)ဦး၊ မိဘဆရာအသင်းဝင် (၁)ဦးတို့ဖြင့်လည်း ကောင်း၊ အတွင်းရေးမှူးအဖြစ် လုပ်သက်ရင့် ဆရာ/ဆရာမ (၁)ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းနှင့် ဆောင်ရွက်ထားရန် ညွှန်ကြားထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာအေးမောင် ရဲ့ စစ်တွေတက္ကသိုလ်ဟောင်း ယခင် Government High School (GHS) အား အခြေခံပညာဦးစီးဌာန၊ မူလပိုင်ရှင် အ.ထ.က(၁)သို့ ပြန်လည်လွှဲပြောင်း

ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် ယခင် Government High School (GHS) အား ယခု စစ်တွေတက္ကသိုလ်ဟောင်းကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအဖြစ် အခြေခံပညာ ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်မည်ဆိုပါက ယခု အမှတ်(၁)အ.ထ.က အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်သွားရန် အစီအစဉ် ရှိ /မရှိနဲ့ စပ်လျဉ်းပြီး မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးက တင်ပြခဲ့ပါတယ်။ ယခုနှစ်မှာတော့ ရခိုင်ပြည်နယ်မှာ ဆယ်တန်းအောင်ချက် ကျဆင်းသွားတယ်လို့ ပထမဦးစွာ တင်ပြခဲ့ပါတယ်။ ဒါဟာ ယခုနှစ်မှစပြီးတော့ ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုအတွက် Quality Education ကိုသွားတဲ့ အတွက် ကျွန်တော်တို့ ဖြည့်ပေါင်းအမှတ်တွေ မရှိပါဘူး။ ဒါကြောင့်မို့လို့ Quality တက်ဖို့ ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ် တစ်ခုတည်း မဟုတ်ပါဘူး။ ကျန်တဲ့ အားလုံးတစ်ပြေးညီ ဖြည့်ပေါင်း အမှတ်တွေ မရှိဘဲနဲ့ စဉ်းစားတာဖြစ်တဲ့အတွက် အောင်ချက် ကျရခြင်း ဖြစ်ပါကြောင်း ဆက်စပ်မေးခွန်း အနေနဲ့ ဖြေကြားလိုပါတယ်။

နောက်တစ်ခုကတော့ အခြေခံပညာရေးကို အားစိုက်လိုလို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့က All Exclusive Education ဖြစ်တဲ့အတွက် အားလုံး ယခုကဲ့သို့ ပူးပေါင်းပါဝင် စိတ်ဝင်တစားနဲ့ ဆွေးနွေးတာကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ ကျွန်တော်တို့ ပညာရေး ဝန်ကြီးဌာန အနေနဲ့တော့ အခြေခံပညာကဏ္ဍရော အဆင့်မြင့်ပညာကဏ္ဍပါ ဒီနေရာမှာတော့ ကျွန်တော်တို့ အထက်တန်းပညာလို့ မသုံးတော့ပါဘူး။ ၁၉၇၁ ခုနှစ်ကပဲ အထက်တန်းပညာလို့ သုံးပါတယ်။ ယခု နောက်ပိုင်းမှာတော့ အဆင့်မြင့်ပညာဦးစီးဌာန အထက်အောက်ဆိုပြီး နှစ်ခု ရှိတဲ့အတွက် အဆင့်မြင့်ပညာကဏ္ဍတွေပါ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီနေရာမှာလည်း ၂၀၁၁ ခုနှစ်ကစပြီးတော့ ကျွန်တော်တို့ Comprehensive Review တွေ လုပ်ပြီးတော့ နိုင်ငံတကာ မိတ်ဖက်အကူအညီများနဲ့ ကျွန်တော်တို့က ပညာရေး ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ခဲ့ပြီးတော့ ၉၉ ကြိမ်မြောက် အမျိုးသားပညာရေး မူဝါဒဆိုင်ရာတွေကို ဆွေးနွေးခဲ့ပါတယ်။ ပြီးတော့မှ အကြိမ်(၁၀၀) မြောက်က MICC မှာ ဆောင်ရွက်ခဲ့ပြီးတော့ အမျိုးသား ပညာရေးမူဝါဒကို ပြည်သူ့လွှတ်တော်ကို တင်ပြခဲ့ပြီး ပြည်သူ့လွှတ်တော်ကနေ အတည်ပြုပြီး ယခုအခါမှာတော့ အမျိုးသားလွှတ်တော်သို့ တင်ပြဆဲဖြစ်တဲ့အတွက် အဲဒီဟာကို အသေအချာအပြီး ကျွန်တော်တို့ ပါမယ်ဆိုရင် အမျိုးသား ပညာရေးမူဝါဒမှာ အခြေခံပညာလည်း ချန်မထားပါဘူး။ ထို့ပြင် မူကြို ပညာရေးကနေ Life Long Learning လို့ခေါ်တဲ့ တက္ကသိုလ်ကနေ ထွက်သွားရင်ရော ဒါမှမဟုတ်ရင် တက္ကသိုလ်ကို မတက်နိုင်တဲ့လူတွေရော ဘယ်လိုစဉ်းစားဆောင်ရွက်မလဲဆိုတဲ့ မူဝါဒတွေ ထည့်သွင်းရေးဆွဲထား ပါကြောင်း ဒီနေရာကနေပြီး ရှင်းလင်းတင်ပြအပ်ပါတယ်။

အဲဒီနေရာမှာ ကိုယ်စားလှယ်တော်ကြီးကလည်း တင်ပြပါတယ်။ အခြေခံပညာ KG+ ဆရာ/ ဆရာမများ၊ ဥပဓိရုပ် မကောင်းခြင်း၊ စာမေးပွဲစနစ် စသည်ဖြင့် အဲဒါများကိုလည်း ယခု တင်ပြတဲ့ အမျိုးသားရေးမူဝါဒမှာ ကျွန်တော်တို့ ပြည့်ပြည့်စုံစုံ ထည့်သွင်းထားပါကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ အဲဒီနေရာမှာ သင်ရိုးညွှန်းတမ်းနဲ့ပတ်သက်လို့လည်း ထည့်သွင်းထားသလို ကဏ္ဍတစ်ခုနဲ့ ထည့်သွင်းထားသလို လူမှုစီးပွားဘဝ စဉ်းစားဖို့အတွက်လည်း ထည့်သွင်းထားကြောင်း ကိုယ်စားလှယ် တော်ကြီးရဲ့ နိဒါန်း တင်ပြချက်ကို ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

ယခုမှာ ဆက်လက်ပြီးတော့ ကိုယ်စားလှယ်တော်ကြီး မေးတဲ့မေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကို အပိုင်းခွဲကြည့်မယ်ဆိုရင် သုံးပိုင်း ဖြစ်တာ တွေ့ရပါတယ်။ တစ်ခုကတော့ စစ်တွေတက္ကသိုလ်ဟောင်း ယခင် Government High School (GHS) အား အမှတ်(၁) အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ ဘာကြောင့်လဲဆိုရင် စစ်တွေတက္ကသိုလ် နယ်မြေသစ်ဟာ စစ်တွေမြို့နယ် ကိုယ်စားလှယ်တော်ကြီးလည်း တင်ပြသွားပါတယ်။ မြို့မကျေးရွာအုပ်စုမှာ တည်ရှိပြီး ဧရိယာ အားဖြင့်တော့ (၃၀၉.၃၈)ဧက ကျယ်ဝန်းတယ်ဆိုတာလည်း မှန်ကန်ပါတယ်။ အဲဒီတော့ တက္ကသိုလ်ရဲ့ အဝင်လမ်းမှာ ဘေးဝဲယာတစ်ဖက်တစ်ချက် မြို့မကျေးရွာအုပ်စု စစ်တွေ လေယာဉ်ကွင်းကြားမှာ ဆိုရင် ကျွန်တော်တို့ မြောက်ဘက်မှာ မင်းကန်ကျေးရွာအုပ်စု စသည်တို့ တည်ရှိတဲ့အတွက် ဒေသခံ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ အဲဒီက ပတ်ဝန်းကျင်မှာရှိတဲ့ လုံခြုံရေးအခြေအနေကို မှန်းဆမိမှာ ပါလို့ ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားလိုပါတယ်။

(၃၀၉.၃၈)ဧက ကျယ်ဝန်းတဲ့ မြေနေရာအကျယ်အဝန်းမှာ ဘာတွေကို ဆောက်ထားသလဲ ဆိုရင် နှစ်ထပ်စာသင်ဆောင် (၉) ဆောင်၊ တစ်ထပ်စာသင်ဆောင် (၁)ဆောင်၊ Theatre (၂) ဆောင်၊ ဆရာမများဆောင် (၃၀)ဦးဆံ့ (၁) ဆောင်နဲ့ (၂၀) ဦးဆံ့ (၁) ဆောင် ဘက်စုံသုံး သုံးထပ်ပင်မဆောင်နဲ့ ပါမောက္ခချုပ်နေအိမ် (၁)လုံး စသည်တို့ ဆောက်ထားပါတယ်။ အဲဒီလိုပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မှာလည်း ဒုတိယပါမောက္ခချုပ် နေအိမ် (၁)လုံး၊ (၂၀)ဦးဆံ့ နှစ်ထပ်ဆရာဆောင် (၁)ဆောင်၊ အရာထမ်းအိမ်ရာ (၄)ခန်းတွဲ၊ (၂) ထပ် (၃)လုံး အမှုထမ်း အိမ်ရာ (၁)ထပ် (၄)ခန်းတွဲ (၃)လုံး စားသောက်ဆိုင် (၄)ခန်းတွဲ (၂)လုံးတို့ကို ဆက်လက် ဆောက်လုပ်လျက် ရှိပါတယ်။

နောင်လာမယ့်ဘဏ္ဍာနှစ်တွေမှာလည်း ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပဲ တစ်ဆောင် မှာ ပေ ၄၀x၃၀ ပေရှိတဲ့ စာသင်ခန်း (၁၅) ခန်းစီ ပါဝင်သော (၃) ထပ် စာသင်ဆောင် (၂)ဆောင် အရာထမ်း အိမ်ရာ ၆၈ ပေ x ၃၀ ပေ (၄)ခန်းတွဲ (၂)ထပ် (၃) လုံး၊ ကျောင်းသား/ ကျောင်းသူ အပန်းဖြေရိပ်သာ ၄၄x၄၄ ပေ (၂)လုံး ပါမောက္ခ တွဲဖက်ပါမောက္ခနေအိမ် ၆၀x၃၀ ပေ (၂) ထပ် (၆)လုံး စသည်ဖြင့် တင်ပြခြင်းဟာ ကျွန်တော်တို့ တက္ကသိုလ်ရဲ့ ဥပမိရုပ် သူ့ရဲ့ ပတ်ဝန်းကျင် ကိုက်ညီအောင် ဆောင်ရွက်နေတဲ့ အနေအထားများကို ရှင်းလင်းတင်ပြလိုခြင်း ဖြစ်ပါတယ်။

ယခင်စစ်တွေတက္ကသိုလ်ပိုင် ပြည်ထောင်စုလမ်းမရှိ ကျောင်းသားဆောင် ဝေသာလီ (A,B,C) အဆောင်၊ ကစ္စပ (A , B) အဆောင်နှင့် ဆရာများဆောင်တို့ကို ကွန်ပျူတာတက္ကသိုလ် ဖွင့်လှစ်နိုင် ရေးအတွက် လွှဲအပ် ပေးခဲ့ရပါတယ်။ ယခု စစ်တွေ တက္ကသိုလ် နယ်မြေဟောင်းမှာ သိပ္ပံ ကျောင်းဆောင်၊ ဝိဇ္ဇာကျောင်းဆောင်၊ စာပြည့်ညိုဆောင် (A, B, C) ပိုးဝါဆောင်၊ စာသင်္ကာဆရာ များဆောင်၊ ပါမောက္ခချုပ် နေအိမ်တို့ ပါရှိပါတယ်။ စာပြည့်ညိုဆောင် (၃)ဆောင်မှာ ဆရာ/ ဆရာမ ဝန်ထမ်း မိသားစုများ နေထိုင်ပြီး စာသင်္ကာဆရာဆောင်များတွင် ဆရာများ အမျိုးသားစီမံဝန်ထမ်းများ နေထိုင်လျက် ရှိပါတယ်။ အဲဒီတော့ စစ်တွေတက္ကသိုလ်နယ်မြေသစ်မှာ ဝန်ထမ်းအိမ်ရာတွေလည်း ဆောက်တယ်။ ဆရာ၊ ဆရာမတွေ မနေကြဘူးလားလို့ မေးစရာ ရှိပါတယ်။ ၂၀၁၂ ခုနှစ် ဇွန်လအထိတော့ စစ်တွေတက္ကသိုလ်နယ်မြေသစ်မှာရှိတဲ့ (၂၀)ဦးဆံ့နဲ့ (၃၀)ဦးဆံ့ ဆရာ/ ဆရာမ ဆောင်တွေမှာ ဆရာများ နေထိုင်ပြီးတော့ ပါမောက္ခချုပ်နေအိမ်မှာလည်း ပါမောက္ခချုပ် ကိုယ်တိုင်

နေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အားလုံး သိကြတဲ့အတိုင်း ၂၀၁၂ ခုနှစ် ဇွန်လမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်များကြောင့် လုံခြုံရေးအရ ပါမောက္ခချုပ်အပါအဝင် ဆရာများဟာ စစ်တွေတက္ကသိုလ် နယ်မြေဟောင်းမှာရှိတဲ့ ပိုးဝါဆောင်၊ စောပြည့်ညိုဆောင်တို့မှာ ပြန်လည်ပြောင်းရွှေ့နေထိုင်ရတဲ့ အခြေအနေ ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လောလောဆယ် စစ်တွေတက္ကသိုလ်နယ်မြေဟောင်းမှာ အဝေးသင်တက္ကသိုလ် စစ်တွေဌာနခွဲ ဆရာ/ ဆရာမများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်လျက်ရှိနေခြင်းနဲ့ တက္ကသိုလ်များ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မည့်အစီအစဉ်များမှာ ရုပ်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စည်းကမ်းတကျ နေထိုင်ပြုမူ ပညာသင်ယူ နိုင်ရေးအတွက် အဆောင်များ ပြန်လည်ချထားပေးမှာဖြစ်ပါတယ်။ အဆောင်များနေထိုင်ခွင့်ရအောင် ဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက် ပထမနှစ်ကျောင်းသား၊ ကျောင်းသူများကို ဒုတိယစာသင်နှစ်မှာ စတင်ထားနိုင်ရေးအတွက် ပိုးဝါဆောင်ကို BOT (Build Operate Transfer) စနစ်နဲ့ အဆောင်အဖြစ် ထားဖို့ဆောင်ရွက်လျက်ရှိပါကြောင်း ဒါကြောင့်မိုလို့ စစ်တွေတက္ကသိုလ်နယ်မြေဟောင်းက လစ်လပ်မှုမရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ နောက်တစ်ခုကတော့ စစ်တွေတက္ကသိုလ် ဟောင်းကို လွှဲပြောင်း ပေးအပ်ပြီးပါကလည်း အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း အပိုင်း ၂ အနေနဲ့ ရှင်းလင်းဖြေကြားလိုပါတယ်။

တတိယပိုင်းမေးခွန်းကို ရှင်းလင်းဖြေကြားရမယ်ဆိုရင် စစ်တွေခရိုင်စုပညာရေးမှူးရုံး ဆောက်လုပ်ရန် မြေနေရာ ရရှိပြီး ဖြစ်တဲ့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ်သန်း (၈၈) ခွဲဝေပြီး ဆောက်လုပ်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မွန်ပြည်နယ်အမှတ်(၁) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဇော်ဝင်း ရဲ့ ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကြီးကျေးရွာ၊ ရွာလေး(၁) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းပိုင် အဆောက်အဦ မရှိသဖြင့် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျောင်းတွေရဲ့ ကျောင်းဆောင်သစ်တွေ တောင်းတဲ့အခါမှာ မြေပြင်ကို စစ်ဆေးကြည့်ရှုပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ကျောင်းဟာ စာသင်ဆောင်တစ်ဆောင်ပဲ ရှိတာကို စိစစ်တွေ့ရှိရပါတယ်။ အဲဒီအပြင် ကျောင်းသားကလည်း ယခင်နှစ်က (၂၁၃)ဦး ယခုနှစ်မှာဆိုရင်တော့ (၂၆၁)ဦးခန့် တိုးတက်လာတာကို တွေ့ရပါတယ်။ အဲဒီတော့ အဆောက်အဦ ဆောက်မယ်ဆိုရင် ကျောင်းမြေပိုင်ဆိုင်မှုအထောက်အထားကို စစ်ကြည့်တဲ့အခါမှာလည်း ကျောင်းမြေ ပိုင်ဆိုင်မှုမှန်ကန်ပါတယ်။ သို့သော်လည်းပဲ ကျောင်းအသစ် ဆောက်လုပ်တဲ့ဟာက ငွေလုံးငွေရင်းနဲ့ ဆောက်လုပ်ရမှာဖြစ်တဲ့တွက် သက်ဆိုင်ရာကနေပြီးတော့ လွှတ်တော်အသီးသီးကို တင်ပြပြီးတော့ အတည်ပြုချက် ရယူတာဖြစ်တဲ့အတွက် လာမယ့်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လျာထားချက်စာရင်းမှာ ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

ဒီလိုထည့်သွင်းနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၇-၃-၂၀၁၄ ရက်စွဲပါ စာအမှတ် ဌာနခွဲ၅-(ခ) (၁၆၉၃) အမှုတွဲ ၂၀၁၄ ဖြင့် သက်ဆိုင်ရာပညာရေးမှူးရုံးကို

ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။ အဲဒီအပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမှာလည်း ပေါင်မြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းများရဲ့ လျာထားကျောင်း (၇) ကျောင်းအတွက် ငွေကျပ်သန်းပေါင်း (၃၀၇၈) သိန်းလည်း ထည့်သွင်းလျာထားပေးပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ကျွန်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ထပ်ဆင့်ဝန်ကြီးကို တင်ပြချင်ပါတယ်။ ဝန်ကြီးခုန တင်ပြပြီးတော့ ကျွန်တော်တို့ကို ရှင်းပြတဲ့ အထဲမှာ လက်ရှိတက္ကသိုလ်အဟောင်း၊ ကျွန်တော်တို့ရဲ့ Government High School မှာ ပညာသင်ကြားခြင်းနဲ့ပတ်သက်တဲ့ကဏ္ဍ လုံးဝမရှိဘူးဆိုတဲ့သဘော ကျွန်တော်သဘောပေါက်ပါတယ်။ အဲဒီတော့ အဓိက လက်ရှိကျောင်းကြီးကို သုံးထားခြင်းဟာ စာပေသင်ကြားပို့ချခြင်း သုတေသနပြုခြင်း အတွက် မဟုတ်ပေမယ့် ပြီးခဲ့တဲ့ဖြစ်စဉ်ကြောင့် လုံခြုံရေးအရ ဆရာ/ ဆရာမများ ကျောင်းအုပ်ကြီး အပါအဝင် ပုဂ္ဂိုလ်များကို ထားတဲ့ဆိုတဲ့ သဘောသက်ရောက်ပါတယ်။

အဲဒီတော့ လုံခြုံရေးအရ စီမံခန့်ခွဲပေးရမယ့်တာဝန်သည် ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရမှာရှိပါတယ်။ အဆောက်အဦ ဆောက်ထားတဲ့နေရာမှာ နိုင်ငံ့ဝန်ထမ်းများ လုံလုံခြုံခြုံ ဖြစ်အောင် ထားပေးရမယ့် တာဝန်သည် အနီးကပ်ဖြစ်တဲ့ ပြည်နယ်အစိုးရမှာတာဝန်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၆၊ ၂၇ ကျွန်တော်တို့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပတ်သက်တဲ့ကဏ္ဍ ရုံးအဆောက်အဦများကို ဖြိုခြင်း၊ ဖျက်ခြင်းဆိုတာ အင်မတန် ရုပ်ဆိုးတာ ဖြစ်သွားဖူးပါတယ်။ အဲဒီမှာလည်း ပြည်နယ်အစိုးရဟာ အင်မတန် အရေးပေါ်ကာလ ညှိနှိုင်းမှုကော်မတီကို ဖွဲ့စည်းပြီးမှ လုံခြုံမှု စည်းမျဉ်းတွေကို ပြန်ချပါတယ်။ ချတဲ့အခါမှာ ပြည်နယ်အစိုးရ၏ လုံခြုံမှု စည်းမျဉ်းသည် ရခိုင်တစ်ပြည်နယ်လုံးမှာရှိတဲ့ (၁၇)မြို့ကို မခြုံငုံသည့်အပြင် စစ်တွေမြို့၏ ရပ်ကွက်တစ်ကွက်ဖြစ်တဲ့ ပြည်တော်သာရပ်ကွက် တစ်ရပ်ကွက်တည်းကိုတောင်မှ လုံခြုံမှု မချနိုင်ဘူးဆိုရင် ကျွန်တော်တို့ ပြည်နယ်အစိုးရ၏ လုံခြုံမှု စည်းမျဉ်းနှင့်တာဝန်၊ သူ၏ပြည်သူများ၏ စည်းစိမ်လုံခြုံမှုကို ကျွန်တော်တို့ ပြန်လည်မေးခွန်း ထုတ်ဖို့ ဖြစ်လာပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ယူဆတာက ပြည်နယ်အစိုးရ၏ လုံခြုံမှု နှင့် အင်မတန် ကျယ်ဝန်းတဲ့ တက္ကသိုလ်ရပ်ဝန်းမှာ တည်ဆောက်ထားတဲ့ တည်ဆောက်ပြီး ဖြစ်တဲ့နေရာကို အကျိုးရှိရှိ အသုံးချဖို့ ကြိုးစားပေးပါ။ ကျွန်တော်တို့ရဲ့ အခြေခံပညာကဏ္ဍကို မြှင့်တင်စေချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ နှစ်ပေါင်း ၁၂၀ ကျော်လောက် ရှိခဲ့တဲ့ ဒီကျောင်းကြီးကို မူလပိုင်ရှင်များဆီကို ပြန်အပ်ပြီးမှ အခြေခံပညာကို မြှင့်တင်ဖို့အတွက် ကြိုးစားပေးပါ။ အဲဒီလို ကြိုးစားနိုင်တဲ့ စွမ်းအင် ပြည်ထောင်စုအစိုးရမှာ ရှိတယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် ဒီတက္ကသိုလ် ဆရာ၊ ဆရာမများ နဲ့ပတ်သက်တဲ့ကဏ္ဍကို တည်ငြိမ်လုံခြုံတဲ့ ပတ်ဝန်းကျင် ဖြစ်အောင် ကြိုးစား တည်ဆောက်ပေးပါ။ အဆောက်အဦ ပိုဆောက်နိုင်ဖို့အတွက် ဘတ်ဂျက်တောင်းပေးပါ။ ကျွန်တော်တို့ရခိုင်ပြည်နယ်ရဲ့ ထူးခြားမှုဖြစ်စဉ်အရ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရကလည်း စီမံကိန်း တောင်းခံမှုအတိုင်း ဘတ်ဂျက်ခွဲဝေပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

အဲဒါကြောင့် ပြည်ထောင်စုအစိုးရကိုယ်စား ပညာရေးဝန်ကြီးဌာန၏ ကြိုးစားမှုကို ကျွန်တော်တို့ သိရှိကြားလိုပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အသက်အရွယ် ကြီးရင့်တဲ့

မကွယ်လွန်သေးတဲ့ မူလ ဒီကျောင်းကြီးမှာနေခဲ့တဲ့ ပုဂ္ဂိုလ်များရဲ့ မေတ္တာရပ်ခံချက်ကို အလေးအနက်ထားတဲ့အနေနဲ့ ပြည်ထောင်စုအစိုးရရဲ့ နောင် ဆောင်ရွက်မယ့် အစီအစဉ်လေးကို တကယ်လို့များ ဝန်ကြီးဖြစ်နိုင်လို့ရှိရင် ဖြေပေးပါလို့ မေတ္တာရပ်ခံပါတယ်။

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လုံခြုံရေးကိစ္စဆိုတာဟာ ကျွန်တော်တို့ ဆောင်ရွက်ပေးပါတယ်။ ဒီသက်ဆိုင်ရာ တာဝန်ရှိတဲ့လူတွေ အကုန်ဆောင်ရွက် ပေးပါတယ်။ ဒါပေမဲ့ စိတ်လုံခြုံမှု မရှိတာကိုတော့ ကျွန်တော်တို့ အချိန်ယူရမှာပါ။ ဒါတော့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးလည်း သိမှာပါ။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနတင် မကပါဘူး။ သက်ဆိုင်ရာဌာန အသီးသီးက ကိုယ်စွမ်းဉာဏ်စွမ်း ဒီပေါ်မှာ အလေးထားပြီး ဆောင်ရွက်တယ်။ ခုန ကျွန်တော်ပြောတာ လုံခြုံရေး အားနည်းလို့ ပြောချင်တဲ့ အဓိပ္ပာယ်မဟုတ်ပါဘူး။ လုံခြုံရေးလည်း ဆောင်ရွက်ပေးပါတယ်။ အသွားအပြန်လည်း ကျွန်တော်တို့ လုပ်ပေးပါတယ်။ စောင့်ရှောက်ပေးပါတယ်။ သို့သော်လည်းပဲ သူတို့ရဲ့ စိတ်ကို၊ Mental ကို ပြန်လည်ပြီးတော့ စိတ်ပညာအရဆိုရင်တော့ ကိုယ်စားလှယ်တော်ကြီး ပိုသိမှာပါ။ ဒီအတွက် ကျွန်တော်တို့က အချိန်နည်းနည်း ယူရမယ်လို့ ကျွန်တော် တစ်ဦးတည်းရဲ့ အမြင်ကို တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ လုံခြုံရေး ဆောင်ရွက်ပေးတာ မဟုတ်ပါဘူး။ သို့သော်လည်း သူတို့ရဲ့ စိတ်က ဒီမှာနေပါဆိုရင် သူတို့စိတ်က သူ့ဟာသူ မနေချင်တဲ့ အနေအထားမျိုးဖြစ်တဲ့အတွက် လက်ရှိအနေအထားမှာ ဒီလိုမျိုး ဆောင်ရွက်ရခြင်း ဖြစ်တယ်လို့ ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။

ဒုတိယအချက်ကတော့ ကိုယ်စားလှယ်တော်ကြီးကပြောတယ် ပညာသင်ကြားမှုကို မဆိုင်ဘူး။ ကျွန်တော်တို့ဒီမှာ လူတွေပဲ နေနေတယ်။ အဓိက ကျွန်တော်တို့ အဝေးသင် ရှိပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်တဲ့ လေးသိန်းခွဲမှာ နှစ်သိန်းက day တက်ပါတယ်။ နှစ်သိန်းခွဲက အဝေးသင်တက္ကသိုလ်တွေတက်ပါတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့က ဒီလူတွေကိုလည်း အခွင့်အလမ်းပေးဖို့ ဖြစ်တဲ့အနေနဲ့ ကျွန်တော်တို့က ဒီအဝေးသင် ဌာနမှာ ဒီနေရာမှာထားခြင်း အားဖြင့် သွားရေးလာရေး လွယ်ကူပြီး အဲဒီအပြင် တခြားဟာတွေလည်း ထည့်သွင်းစဉ်းစားရတာ ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ မိဘတစ်ဦးလိုပါပဲ အဲဒီတော့ သားကြီးမို့လို့၊ သားငယ်မို့လို့ အဆင့်မြင့်ပညာကဏ္ဍမို့လို့ အခြေခံပညာကဏ္ဍမို့လို့၊ မူကြိုမို့လို့ ကျွန်တော်တို့က life long learning မို့လို့ ကျွန်တော်တို့ ခွဲခြားလို့တော့မရပါဘူး။ အားလုံး အတတ်နိုင်ဆုံး အကောင်းဆုံး ကျွန်တော်တို့ ကြိုးစားသွားပါ့မယ်လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ အကြံပြုချက်ကို ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂:၀၀)နာရီအချိန်တွင် ရပ်နားပြီး (၁၃:၀၀)နာရီအချိန်တွင် ပြန်လည် ကျင်းပ ပါသည်။

**အချိန်၊ ၁၃:၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃:၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းခွင့်တင်တဲ့ ပုဂ္ဂိုလ် (၁၈)ဦး ရှိပါတယ်။ ဦးစံထွန်း၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ဖွံ့ဖြိုးရေးကိစ္စ။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၂)၊ ကျန်းမာရေး။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ တိုင်ကြားစာကော်မတီအစည်းအဝေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ငွေစာရင်းပူးပေါင်း ကော်မတီ အစည်းအဝေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကော်မတီအစည်းအဝေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကော်မတီအစည်းအဝေး။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ကော်မတီအစည်းအဝေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကော်မတီအစည်းအဝေး။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကော်မတီအစည်းအဝေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကော်မတီအစည်းအဝေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ငွေစာရင်း ပူးပေါင်း ကော်မတီအစည်းအဝေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ (ဂျေး ပက်) ကော်မတီအစည်းအဝေး။ ဒေါက်တာ စိုင်းဆိုမ်ကျော့ကစ်စိုင်၊ ရှမ်း(၆)၊ ပြည်သူ့ငွေစာရင်းကော်မတီ အစည်းအဝေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ပြည်သူ့ငွေစာရင်းကော်မတီအစည်းအဝေး တို့ ဖြစ်ပါတယ်။

တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၃:၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ကိုဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ယခု တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးစိုးမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၀၄။**

**ဗိုလ်မှူးစိုးမိုး (တပ်မတော်သား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ်ကြည်း ၃၃၁၃၀ ဗိုလ်မှူးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြမယ့် အကြောင်းအရာ ကတော့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးရာမှာ ပိုမိုရှင်းလင်းလွယ်ကူစေရန် Power Point ဖြင့် ရှင်းလင်းတင်ပြခွင့် ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက်အခန်း(၄)၊ ပုဒ်မ ၁၈ မှာ ကျွန်တော်တို့ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး (၄) ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်သို့ တင်သွင်းရမည်ဆိုပြီးတော့ ရေးသွင်းထားပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာတော့ အခန်း(၂)၊ ပုဒ်မ ၄ တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်နဲ့ ပတ်သက်သည့် တိုင်တန်းချက်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များ၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး (၁)ရာခိုင်နှုန်းတို့ကလည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်နဲ့ ပတ်သက်သည့် တိုင်တန်းချက်ကို နိုင်ငံသားတစ်ဦးဦးကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းရမည်ဆိုပြီးတော့ ရေးသွင်းပြဋ္ဌာန်းထားပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာတော့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုတင်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတဲ့ အချက်ကတော့ တာဝန်မှရုပ်သိမ်းလိုသော ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင် များအနက် အနည်းဆုံး ၁ ရာခိုင်နှုန်းတို့ကလည်းကောင်း၊ တာဝန်မှရုပ်သိမ်းလိုသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်

နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို နိုင်ငံသားတစ်ဦးဦးက ဆိုတဲ့နောက်မှာ ခိုင်လုံသော သက်သေအနည်းဆုံး (၁၀)ဦး၏ လက်မှတ်ရေးထိုး ထောက်ခံချက်ကို ပူးတွဲ၍လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တင်သွင်းရမည်ဆိုပြီးတော့ ပြင်ဆင်ဖြည့်စွက် လိုပါတယ်။

အကျိုးအကြောင်း ဖော်ပြချက်အနေနဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်နဲ့ ပတ်သက်သည့် တိုင်ကြားချက်ကို နိုင်ငံသားတစ်ဦးဦးက တိုင်တန်းရမည်ဟု ပါရှိရာ ပုဂ္ဂိုလ်ရေးအရ မကျေနပ်ချက် တစ်ခုခုရှိရုံဖြင့်လည်းကောင်း၊ အဖွဲ့အစည်း သိက္ခာကျဆင်းစေလိုသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အခြားမသမာသော ရည်ရွယ်ချက်တစ်ခုဖြင့်လည်းကောင်း လွယ်ကူစွာတင်သွင်းနိုင်သည့် သဘောရောက်နေပါသဖြင့် တခြားသူ(၁၀)ဦးခန့်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ထောက်ခံမှသာ တိုင်တန်းမှုကို လက်ခံစေလိုသောသဘောဖြင့် ဖြည့်စွက်လိုကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ဖြည့်စွက်ချက်အနေနဲ့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်မှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အပေါ် ပုဒ်မ ၄ အရ တိုင်တန်းချက်ကို လက်ခံရရှိသည့်အခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အကြောင်းကြားရမည်ဆိုပြီးတော့ အတည်ပြုပြဋ္ဌာန်းထားပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာလည်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်း အကြံပြုထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အပေါ် ပုဒ်မ ၃ ပါ အကြောင်းတစ်ရပ်ရပ်နှင့် ပတ်သက်သည့် ပုဒ်မ ၄ အရ တိုင်းတန်းချက်ကို လက်ခံရရှိသည့်အခါ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ အကြောင်းကြားရမည်ဆိုပြီးတော့ ပုဒ်မ ၃ ပါ အကြောင်းတစ်ရပ်ရပ်နှင့် ပတ်သက်သည့် ဆိုသည့် စာသားအား ထပ်မံဖြည့်စွက်လိုပါကြောင်း တင်ပြအပ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ တပ်မတော်သားကိုယ်စားလှယ်အား အခန်း(၂)၊ ပုဒ်မ ၃ ပါ အကြောင်းအရာ တစ်ရပ်ရပ်နှင့် ငြိစွန်းမှသာ တိုင်တန်းချက်ကို လက်ခံစေရန်နှင့် အကြောင်းအရာများနှင့်ပတ်သက်၍ တိုင်တန်းလိုပါက သက်ဆိုင်ရာ တပ်မတော်ဌာနအဆင့်ဆင့်သို့ တိုင်တန်းနိုင်သောကြောင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အခန်း(၃)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အကြောင်းကြားချက်ကို ရရှိသည့်အခါ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို မိမိ၏ စီမံခန့်ခွဲမှုအရ ပြုလုပ်ပြီး သက်ဆိုင်ရာ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်အား တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်း မပြုကြောင်း ဆုံးဖြတ်မှု အခြေအနေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့လည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နာယကထံသို့လည်းကောင်း ပေးပို့ရ မည်လို့ ပါရှိပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာတော့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ အကြောင်းကြားချက်ကို လက်ခံရရှိသည့် အခါ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ပြီး သက်ဆိုင်ရာ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်အား တာဝန်မှပြန်လည်ရုပ်သိမ်းကြောင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းမပြုကြောင်း ဆုံးဖြတ်မှု အခြေအနေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့လည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့လည်းကောင်း ပေးပို့ တင်ပြရမည်လို့ ပြင်ဆင်ထားပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ မိမိစီမံခန့်ခွဲမှုအရဆိုတဲ့ စာသားကို ဖြုတ်ပြီးတော့ ပြင်ဆင်ထားတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ အကြောင်းကြားချက်ကို လက်ခံရရှိသည့်အခါ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို မိမိ၏ စီမံခန့်ခွဲမှုအရ ပြုလုပ်ပြီး သက်ဆိုင်ရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အား တာဝန်မှ ရုပ်သိမ်းကြောင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းမပြုကြောင်း ဆုံးဖြတ်မှုအခြေအနေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌထံသို့ လည်းကောင်း၊ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ လည်းကောင်း ပေးပို့တင်ပြရမည် ဆိုပြီးတော့ ပြင်ဆင်လိုပါတယ်။

ဒီအချက်မှာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း မိမိ၏ စီမံခန့်ခွဲမှုအရဆိုတဲ့ စာသားကို ထပ်မံဖြည့်စွက်လိုပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)တွင် တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်အားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ၍စီရင် ဆောင်ရွက်ပိုင်ခွင့် ရှိသည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၄၃၊ ပုဒ်မခွဲ(ခ)တွင် စစ်ဘက်တရားစီရင်ရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထား ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ စစ်ဘက်တရား စီရင်ပိုင်ခွင့် နှင့် လွတ်လပ်စွာ စီရင်ပိုင်ခွင့်တို့အား သိသာထင်ရှားစွာ အလေးအနက်ထား၍ ဖော်ပြနိုင်ရန် ထည့်သွင်းသင့်ပါသဖြင့် မိမိ၏ စီမံခန့်ခွဲမှုအရ စာသားကို ထည့်သွင်း အတည်ပြုသင့်ပါ ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အခန်း(၃)၊ ပုဒ်မ ၁၈ မှာ လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းရန် ရည်ရွယ်၍ မမှန်မကန် တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် တိုင်တန်းသူ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား တည်ဆဲဥပဒေများအရ အရေးယူ နိုင်ရန် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာလည်း ပြည်သူ့လွှတ်တော် ၏ ပြင်ဆင်ချက်အတိုင်း ထားရှိသင့်ပါကြောင်း အကြံပြုထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်

ဖြည့်စွက်လိုသည့် အချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းရန် ရည်ရွယ်၍ မမှန်မကန်တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် တိုင်တန်းသူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်အပေါ် တိုင်တန်းချက်များတွင် သက်သေအဖြစ် လက်မှတ်ရေးထိုး ထောက်ခံသူများ အား တည်ဆဲဥပဒေအရ အရေးယူနိုင်ရန် ဆောင်ရွက်ရမည်ဆိုပြီးတော့ ဖြည့်စွက်လိုပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ဥပဒေအခန်း(၂)၊ ပုဒ်မ ၄ တွင် ပြင်ဆင်ထားချက်များနဲ့ ကိုက်ညီစေရန် ပြင်ဆင်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ တစ်စုံတစ်ဦး၏ တိုင်တန်းချက်များအား စစ်ဆေး ခြင်း မပြုဘဲ အလွယ်တကူထောက်ခံခြင်း မပြုစေရန်။ အလွယ်တကူထောက်ခံစေရေး စည်းရုံးသိမ်း သွင်းမှုမပြုစေရေး ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်အပေါ် တိုင်တန်းချက်များတွင် သက်သေအဖြစ် လက်မှတ်ရေးထိုး ထောက်ခံသူများ စသားအား ထပ်မံဖြည့်စွက်လိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးစိုးမိုး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ အလုပ်ရှင်နှင့်အလုပ်သမား ပေါင်းစည်း ညီညွတ်ရေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ မြင့်ကြည် တင်သွင်းထားသည့် အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်လေးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၅။**

**ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း (တပ်မတော်သား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၅၈၆၃ ဒုတိယဗိုလ်မှူးကြီး လှိုင်ဝင်း ဖြစ်ပါတယ်။ ၄-၆-၂၀၁၄ ရက်နေ့က အဆိုတင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဒေါက်တာမြင့်ကြည် ရဲ့ အလုပ်ရှင်နဲ့ အလုပ်သမား

ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဆွေးနွေးခဲ့တဲ့ အလုပ်ရှင်နဲ့ အလုပ်သမားများဟာ ဥပဒေများကို သေသေချာချာ ဂဃဏနသိရှိပြီး၊ လိုက်နာဆောင်ရွက်ဖို့လိုကြောင်း အလုပ်ရှင်နဲ့ အလုပ်သမား ညှိနှိုင်းဆွေးနွေးဆောင်ရွက်စဥ် စာချုပ်ချုပ်ဆိုတဲ့ အခါမှာ နှစ်ဖက်ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာရှိဖို့လိုကြောင်း ဆွေးနွေးသွားတာ တွေ့ရှိရပြီးတော့ လက်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနအနေနဲ့ ဥပဒေ၊ နည်းဥပဒေများကို ခေတ်နဲ့လျော်ညီစေဖို့ ရေးဆွဲပြဌာန်းပြီး၊ ဥပဒေ (၅)ခု၊ ပြင်ဆင်ရေးဆွဲလျက်ရှိတဲ့ ဥပဒေ(၅)ခု၊ အသစ်ရေးဆွဲပြီး ရုပ်သိမ်းမယ့် ဥပဒေ(၆)ခု၊ အသစ်ထပ်မံရေးဆွဲနေတဲ့ ဥပဒေ(၂)ခု၊ စုစုပေါင်း ဥပဒေ(၁၈)ခုနဲ့ ကြိုးကြပ်ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။

သို့သော်လည်း လက်တွေ့လုပ်ငန်းနယ်ပယ်မှာ ဥပဒေ၊ နည်းဥပဒေများကို အလုပ်ရှင်နဲ့ အလုပ်သမားများဟာ သိရှိလိုက်နာမှုအားနည်းတဲ့အနေအထားမှာ တွေ့ရှိရကြောင်း လေ့လာသုံးသပ်မိပါတယ်။ ဒါကြောင့် ဝန်ကြီးဌာန အနေနဲ့ရော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်များနဲ့ အလုပ်သမားများ သိသင့်သိထိုက်တဲ့ မဖြစ်မနေသိရှိရမယ့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တွေကို ပညာပေးဟောပြောရှင်းလင်းချပြခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များ အလုပ်သမားများ ထင်သာမြင်သာတဲ့နေရာမှာ ချိတ်ဆွဲပြသပေးခြင်းများ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အလုပ်ရှင်နဲ့ အလုပ်သမားတို့အကြားမှာချုပ်ဆိုကြတဲ့ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်များ ချုပ်ဆိုကြတဲ့ စာချုပ်တွေမှာလည်း အလုပ်သမားတွေရရှိမယ့် လုပ်အားခ၊ လုပ်ခလစာ၊ အလုပ်ချိန်၊ ခံစားခွင့်၊ အလုပ်ရှင်၊ အလုပ်သမားတို့ရဲ့ တာဝန်ဝတ္တရား၊ လိုက်နာရမယ့် စည်းမျဥ်းစည်းကမ်းများ ပါဝင်စေပြီးတော့မှ သက်ဆိုင်ရာမြို့နယ် ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့များ၏ ရှေ့မှောက်မှာ အသိသက်သေများနဲ့ ချုပ်ဆိုစေပြီးတော့မှ မှတ်တမ်းထားရှိစေဖို့နဲ့ အလုပ်ရှင်နဲ့ အလုပ်သမားများထံမှလည်း လက်ခံထားရှိ ဆောင်ရွက်ဖို့လိုကြောင်း ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများနဲ့ ပတ်သက်ပြီးတော့မှ ဝန်ကြီးဌာန အနေနဲ့သော်လည်းကောင်း၊ စက်ရုံများ အနေနဲ့သော်လည်းကောင်း၊ လုပ်ငန်းခွင်မဝင်မီမှာ လုပ်သားတွေအားလုံးကို လုပ်ငန်းအလိုက် စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်ရန်လိုအပ်ကြောင်း၊ ပြဌာန်းပြီးဖြစ်တဲ့ အလုပ်အကိုင်နဲ့ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနဲ့အညီ သင်တန်းများဖွင့်လှစ်ပြီးတော့မှ စက်ရုံအလုပ်ရုံမှာရှိတဲ့ ကြီးကြပ်သူများအတွက် နည်းပြသင်တန်း၊ ကြီးကြပ်ရေးမှူးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးပါက အလုပ်ရှင်နဲ့ အလုပ်သမားများအကြားမှာ အဆင်ပြေစွာ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းဆုံးအခကြေးငွေအရ၊ အနည်းဆုံး အခကြေးငွေနှုန်းထားကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ ထုတ်ပြန်ကြေညာဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်နေတာကို ၂-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ပြည်ထောင်စုဒုတိယဝန်ကြီးကနေ ရှင်းလင်းတင်ပြတာကို လည်း သိရှိရတဲ့အတွက် သတ်မှတ်ချိန်အတိုင်း ထုတ်ပြန်ကြေညာနိုင်ရေးအတွက် ဆောင်ရွက်ပေးဖို့ အကြံပြုတင်ပြလိုပါတယ်။ လူမှုဖူလုံရေး အကျိုးခံစားခွင့်နဲ့ ပတ်သက်ပြီးတော့မှ လူမှုဖူလုံရေးဥပဒေ ရေးဆွဲထုတ်ပြန်ပြီး ဝန်ကြီးဌာနအနေနဲ့လည်း လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို အကြောင်းကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလကနေ ဧပြီလအထိ အလုပ်ဌာနပေါင်း (၃၄၀၉)ခုကို သွားရောက်ပြီးတော့မှ အလုပ်သမားပေါင်း (၆၁၂၉၈)ဦး တို့ကိုလည်း ဟောပြောခဲ့တဲ့အကြောင်း သိရှိရတဲ့အတွက် ဆက်လက် ပြီးတော့မှလည်း ကျန်အလုပ်ဌာနများကိုလည်း ဆက်လက်ဟောပြောပေးဖို့ အစီအမံများချမှတ်၍ ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း၊ အကျိုးခံစားခွင့်များကိုလည်း အလျှင်အမြန်ခံစားနိုင်ဖို့ စီစဉ် ဆောင်ရွက်ပေးဖို့ လိုပါကြောင်းနဲ့ လူမှုဖူလုံရေးကတ်ပြား ဆောင်ရွက်နေမှုများကိုလည်း ဆက်လက် ဆောင်ရွက်ပေးစေလိုပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ဆေးရုံ၊ ဆေးခန်းများ အဆင့် မြှင့်တင်ခြင်း၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနဲ့ စာချုပ်ချုပ်ဆိုပြီးတော့မှ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတွေကို တိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင်ဆွေးနွေးခဲ့တဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ထွက်ကုန်တွေကို Bar Graph နဲ့ပဲဖြစ်ဖြစ်၊ စာရင်းဇယားနဲ့ပဲဖြစ်ဖြစ် ပြသထားတာ တော်တော်များများ မရှိပါဘူး။ ပြသထားခြင်းအားဖြင့် စက်ရုံတွေမှာရှိတဲ့ အလုပ်သမားတွေဟာ သူတို့ရဲ့လုပ်အားတွေကို ဘယ်လောက်ရှိတယ်၊ ကုန်ထုတ်စွမ်းအား ဘယ်လောက်မြင့်တက်လာတယ်၊ ကုန်ထုတ်စွမ်းအား ဘယ်လောက်မြင့်ရင် အကျိုး၊ အမြတ်ရှိတယ်။ လုပ်အားကျဆင်းရင် ဝင်ငွေနည်းသွားမယ်။ ဒါကြောင့် အလုပ်သမားတွေဟာ တောင်းဆိုမှုကိစ္စတွေကို ချင့်ချင့်ချိန်ချိန်နဲ့ စဉ်းစဉ်းစားစား ဆောင်ရွက်နိုင်မယ် ဆိုတာကို ကျွန်တော့်အနေနဲ့ ထောက်ခံလိုပါတယ်။ ဒီလိုစက်ရုံ၊ အလုပ်ရုံတွေဟာ သူတို့ရဲ့ ကုန်ထုတ် စွမ်းအားတွေကို ပွင့်လင်းမြင်သာစွာနဲ့ ပြသမှုသာ အလုပ်ရှင်နှင့် အလုပ်သမားများအကြားမှာ ဖြစ်ပေါ်နေတဲ့ တောင်းဆိုမှုကိစ္စတွေမှာ အကြောင်းအရာ တစ်ခုအနေနဲ့ လျော့နည်းသွားနိုင်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အလုပ်ရှင်နှင့် အလုပ်သမားများအကြားမှာ ဖြစ်ပွားနေတဲ့ မသင့်မြတ်မှု၊ တောင်းဆိုမှုပြဿနာများမှာ အချို့ အလုပ်ရှင်နှင့် အလုပ်သမားများ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ၊ ဖွဲ့စည်းမှုတွေကို အဆိုရှင် တင်ပြသလို ဝန်ကြီးဌာနက ဥပဒေနဲ့အညီ ဝင်ရောက်ကြီးကြပ်ဆောင်ရွက်ပေးဖို့ လိုအပ်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ၊ တောင်းဆိုမှုများ၊ အချင်းများမှုပြဿနာများမှာ အလုပ်ရှင်၊ အလုပ်သမားများ၏ အငြင်းပွားမှု၊ ဖြေရှင်းမှုဥပဒေတွေနဲ့အညီ ဆောင်ရွက်ပေးနေသော်လည်း အချို့ စက်ရုံ၊ အလုပ်ရုံများမှာ ပြဿနာများ ရှိနေဆဲပဲ ဖြစ်ပါတယ်။

ဒါကြောင့် တာဝန်ရှိတဲ့ အလုပ်ရှင်၊ အလုပ်သမားများ အဖွဲ့အစည်းများအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ရော ဘက်လိုက်မှုမရှိဘဲနဲ့ ထိရောက်တဲ့ဖြေရှင်းညှိနှိုင်း ဆောင်ရွက်ပေးမှု ပြုလုပ် လိုကြောင်း ဖြေရှင်းအကြံပြုတင်ပြလိုပါတယ်။ ဝန်ကြီးဌာနအနေနဲ့ အလုပ်သမားဥပဒေ စိစစ်ရေး ဦးစီးဌာနဟာ ရုံးချုပ်အပါအဝင် ပြည်နယ်နှင့်တိုင်း ခရိုင်၊ မြို့နယ်စက်မှုဇုန်ရုံး စုစုပေါင်း (၆၁)ရုံး ဖွင့်လှစ်ပြီးတော့မှ အလုပ်ရုံစစ်ဆေးရေးအရာရှိ (၉)ဦး အလုပ်သမားဥပဒေ စစ်ဆေးရေးအရာရှိ (၄၉)

ဦးနဲ့ လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိတာကို လေ့လာသိရှိရပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ လက်ရှိ အလုပ်ရုံ၊ စက်ရုံ၊ ဆိုင်နဲ့ အလုပ်ဌာနပေါင်း (၃၇၅၉၀) ရှိတဲ့အတွက် ကြီးကြပ်စစ်ဆေးရမယ့် အရာရှိနဲ့ စစ်ဆေးရေးအရာရှိ အရေအတွက်ဟာ အချိုးအစား မျှတမှု မရှိတဲ့အတွက် အလုပ်ရုံမှာရှိတဲ့ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရာမှာ အပြည့်အဝ ကာကွယ်ပေးနိုင်မှု မရှိဘူးလို့ ထင်မြင် ယူဆမိပါတယ်။

သို့သော်လည်း ဝန်ကြီးဌာနအနေနဲ့ ဌာနရဲ့ ဖွဲ့စည်းပုံတိုးချဲ့ခွင့်ပြုထားတာတို့ကိုလည်း လေ့လာသိရှိရပါတယ်။ ဒါကြောင့်မို့လို့ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုထားတဲ့ စစ်ဆေးရေးအရာထမ်းများကို ပိုမိုတိုးချဲ့ ခန့်ထားဆောင်ရွက်ပါက အလုပ်သမားများရဲ့အကျိုးကို တစ်ဖက်တစ်လမ်းကနေ ကာကွယ် စောင့်ရှောက်မှုပေးနိုင်ပြီးတော့မှ အလုပ်ရှင်နဲ့ အလုပ်သမားဥပဒေနဲ့အညီ အခွင့်အရေးများ ရရှိခံစား နိုင်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အလုပ်သမားများရဲ့ ရပိုင်ခွင့်များ လိုလားချက်များ၊ တောင်းဆိုချက်များကို အလုပ်ရှင်များဘက်က တတ်နိုင်သလောက် ဖြည့်ဆည်း ဆောင်ရွက်ပေးသင့်ပါကြောင်း၊ အလုပ်သမားများဘက်ကလည်း တောင်းဆိုမှုပြုလုပ်၍ ရတိုင်း မိမိလုပ်ကိုင်နေတဲ့ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းရှင်များရဲ့ အကျိုးအမြတ်ကိုသာ ကြည့်၍ တောင်းဆို သင့်ပါကြောင်းနဲ့ လက်ရှိမြန်မာနိုင်ငံမှာ အလုပ်အကိုင်ရှားပါးမှုပြဿနာ တစ်ရပ်ရှိနေတာကြောင့် အလုပ်ရှင်နဲ့ အလုပ်သမားတွေဟာ တစ်ဖက်နဲ့တစ်ဖက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘောမျိုး ဖြစ်တဲ့အတွက် မြန်မာနိုင်ငံကို နိုင်ငံတကာကနေပြီးတော့ စီးပွားရေးလုပ်ငန်းရှင်များ လာရောက် ရင်းနှီးလုပ်ကိုင်မှုများ ဒီထက်ပိုမိုလုပ်ကိုင်လာနိုင်ပါက မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိ အလုပ်ရှင်နဲ့ အလုပ်သမားများ အငြင်းပွားမှုများ မကြာခဏ ဖြစ်ပွားနေ ပါက ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအတွက် အဟန့်အတား ဖြစ်နိုင်ပြီးတော့မှ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများ လက်လွတ်ဆုံးရှုံးသွားနိုင်တာကိုလည်း သတိချပ် သင့်ပါကြောင်းနဲ့ အဆိုရှင်ဆွေးနွေးခဲ့သလို အလုပ်ရှင်နဲ့ အလုပ်သမားများဟာ တစ်စီးပွားတည်း ဆောင်ရွက်တဲ့ မိသားစုစိတ်ဓာတ်မျိုးနဲ့ ဆောင်ရွက်ပြီးတော့မှ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် လေးလေး စားစား ဆောင်ရွက်သွားပါက အလုပ်ရှင်နဲ့ အလုပ်သမား ပေါင်းစည်းညီညွတ်ကာ လူမှုရေး တရားမျှတမှု နဲ့ ကောင်းမွန်တဲ့ လုပ်ငန်းခွင်များ ဖြစ်ပေါ်လာပြီးတော့မှ၊ နိုင်ငံတော်အတွက်လည်း ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာပြီးတော့မှ အလုပ်သမားများလည်း ဝင်ငွေတိုးတက်၍ လူနေမှုဘဝ မြင့်မားလာနိုင်မယ်လို့ ထင်မြင်ယူဆမိပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ် ပါတယ်။

**အချိန်၊ ၁၃း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်မြင့်ဟန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၅။**

**ဗိုလ်မှူးအောင်မြင့်ဟန် (တပ်မတော်သား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)။** ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၁၆၄၊ ဗိုလ်မှူးအောင်မြင့်ဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည် ရဲ့ အဆိုဖြစ်တဲ့ အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ ဒီနေ့ဒီအချိန်မှာ စက်ရုံအလုပ်ရုံတွေမှာ ရှိတဲ့ အလုပ်သမားတွေနဲ့ အလုပ်ရှင်များရဲ့ ပြဿနာ၊ တစ်နည်းအားဖြင့် အလုပ်သမားတွေရဲ့ ဆန္ဒပြတောင်းဆိုနေတဲ့ ကိစ္စရပ်တွေဟာ ရှိနေပါသေးတယ်။ ဒါပေမဲ့ ဖိလစ်ပိုင်နိုင်ငံမှာတော့ ILOနဲ့ အတူပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်တဲ့အတွက် လွန်ခဲ့တဲ့နှစ်တွေတုန်းက ဆန္ဒပြတဲ့အမှုပေါင်း ထောင်ချီရှိရာကနေပြီးတော့ တဖြည်းဖြည်း ကျဆင်းလာတဲ့အခါမှာ ရာဂဏန်း၊ ဆယ်ဂဏန်းလောက်ပဲ ရှိပါတယ်လို့ ဆိုပါတယ်ခင်ဗျား။ ဂျပန်နိုင်ငံလို နိုင်ငံမျိုးတောင်မှ အလုပ်ရှင်နဲ့ အလုပ်သမား တစ်စီးပွားတည်း ဖြစ်တယ်။ မိသားစုစိတ်ဓာတ်မျိုးဖြစ်တယ်လို့ စိတ်ဓာတ်မျိုး သွင်းထားတယ်လို့ ဆိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ မှာ နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရန် လိုအပ်သော ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရမည်ဟု ဆိုသည့်အတိုင်း ယခု ကျွန်တော်တို့ နိုင်ငံမှာလည်း ဥပဒေ၊ နည်းဥပဒေများကို ခေတ်နဲ့လျော်ညီစေဖို့ ဥပဒေများ ပြင်ဆင်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းမှုဥပဒေ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ ၂၀၁၃ ခုနှစ် အနည်းဆုံး အခကြေးငွေ ဥပဒေ၊ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ဥပဒေ(၅)ခုကို ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။

ပြင်ဆင်ရေးဆွဲလျက်ရှိတဲ့ ဥပဒေ(၅)ခု၊ အသစ်ရေးဆွဲမယ့်ဥပဒေ(၆)ခု၊ ထပ်မံအသစ်ရေးဆွဲမယ့် ဥပဒေ(၂)ခု စုစုပေါင်းဥပဒေ(၁၈)ခု ရှိတယ်လို့ သိရပါတယ်ခင်ဗျား။ အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းညီညွတ်ရေးအတွက် ဒီလို ဥပဒေတွေပြဋ္ဌာန်းရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဆန္ဒပြမှုတွေ ရှိနေပါတယ် ခင်ဗျား။ ဒါဟာ ဥပဒေရဲ့ သက်ဝင်လှုပ်ရှားမှု လိုအပ်နေတာလား၊ ဥပဒေရဲ့ အားနည်းချက်နေလား သုံးသပ်ဖို့လိုအပ်လာပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ခိုင်းစေသူနဲ့ အခိုင်းစေခံရသူ အိမ်ဖော်နဲ့အိမ်ရှင် စသည့် စိတ်ဓာတ်တွေရှိတဲ့အတွက် ရုပ်ရှင်မင်းသမီးနဲ့ အိမ်ဖော်ပြဿနာ၊ တရားသူကြီးဇနီးနဲ့ အိမ်ဖော်ပြဿနာ စတဲ့ သတင်းတွေ ထွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီလုပ်ရပ်တွေကြောင့် ခိုင်းစေသူနဲ့ ခိုင်းစေခံရသူ၊ အိမ်ဖော်နဲ့အိမ်ရှင်တို့သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့ တစ်စီးပွားတည်း ဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်တွေဝင်လာဖို့ ပညာပေးဟောပြောပွဲတွေ လုပ်ဆောင်

နေတာဖြစ်ပါတယ်။ သို့ပေမဲ့ ဒီထက်ပိုလုပ်ဆောင်သင့်ကြောင်း ဆွေးနွေးလိုပါတယ် ခင်ဗျား။ အလုပ်ရှင်နဲ့ အလုပ်သမား ပေါင်းစည်းညီညွတ်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်၊ အလုပ်သမားနဲ့ အလုပ်ရှင်အခွင့်အရေး လေ့လာပူးပေါင်းကော်မရှင်ရဲ့ အစီရင်ခံစာပါ အကြံပြုချက်များကို အခြေခံပြီး ဆွေးနွေးတင်ပြသွားမှာပါခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အလုပ်ခန့်ထားမှု ဆိုင်ရာသဘောတူညီချက်စာချုပ် ချုပ်ဆိုရန်နဲ့ ပတ်သက်လို့ အလုပ်ရှင် နဲ့အလုပ်သမား သဘောတူညီမှုစာချုပ်မှာ အလုပ်သမားရရှိမယ့် လုပ်အားခ၊ လုပ်ခလစာ၊ အလုပ်ချိန်၊ ခံစားခွင့်၊ အလုပ်ရှင်၊ အလုပ်သမားတို့ရဲ့ တာဝန်ဝတ္တရား၊ လိုက်နာရမည့် စည်းကမ်းတို့ ပါဝင်ပြီး သက်ဆိုင်ရာမြို့နယ် ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ရဲ့ ရှေ့မှောက်မှာ ချုပ်ဆိုရပါမယ်။ ဒါပေမဲ့ အလုပ်ရှင်နဲ့ အလုပ်သမား ပြဿနာဖြစ်လို့ ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့က စာချုပ်အရဖြေရှင်းပေးသော်လည်း အလုပ်ရှင်တွေဘက်မှ လိုက်နာမှုအားနည်းနေတာကို တွေ့ရပါတယ်။ အဲဒါကို ဘယ်လိုဆောင်ရွက်မလဲ ဆိုတာကို စဥ်းစားသုံးသပ်ဖို့ လိုပါတယ်လို့ အကြံပြုချင်ပါတယ်။ လစာပေးမှုစနစ်အား အနိမ့်ဆုံး အခကြေးငွေ အပေါ် အခြေခံ၍ဆောင်ရွက်ရန်နဲ့ စပ်လျဥ်း၍ အလုပ်သမားနဲ့ သူ့ရဲ့မိသားစုဘဝ ဖူလုံစေဖို့ အခြေခံလိုအပ်ချက်များ ပြည့်မီစေဖို့၊ လုပ်ငန်းခွင် စွမ်းဆောင်ရည် မြှင့်တင်ဖို့၊ စီမံနိုင်မှုစွမ်းရည် တိုးတက်စေဖို့ ရည်ရွယ်ပြီးတော့ ဒီဇင်ဘာလမှာ အနည်းဆုံးအခကြေးငွေ နှုန်းထားကို ထုတ်ပြန်ပြဋ္ဌာန်းနိုင်မယ်လို့ သိရပါတယ်ခင်ဗျား။ အနည်းဆုံးအခကြေးငွေဟာ ဘယ်လောက်ထက် မနည်းရ၊ ဘယ်လောက်ထက်တော့ မများရလို့ သတ်မှတ်ဖို့ လိုပါတယ်လို့ အကြံပြုဆွေးနွေး လိုပါတယ် ခင်ဗျား။

ဒါမှ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်မယ့်အပြင် ဒေသအလိုက်လုပ်သားများ၏ စားစရိတ်ကွာခြားမှုကိုလည်း ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ အချိန်ပိုလုပ်ရန်အစီအစဥ်နဲ့ ပတ်သက်လို့ အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရ သုံးပွင့်ဆိုင်ဆွေးနွေးသဘောတူညီချက်အရ သာမန်လုပ်ငန်းများအတွက် တစ်ရက်ကို (၃) နာရီနှုန်းနဲ့ စနေနေ့ (၅) နာရီအပါအဝင် တစ်ပတ်မှာ နာရီ (၂၀) စက်ဖြင့်လုပ်ရတဲ့ လုပ်ငန်းတွေအတွက် တစ်ရက်မှာ(၂) နာရီ မိနစ် (၄၀)နှုန်းနဲ့ (၆) ရက် (၁၆) နာရီနှုန်း ခွင့်ပြုထားပါတယ်။ ဒီခွင့်ပြုပေးထားတဲ့ အချိန်ပိုနာရီထက် ပိုမလုပ်မှုစေဖို့နဲ့ ညလုံးပေါက်အချိန်ပိုလုပ်ကိုင်မှုမရှိစေဖို့ ပိုမိုစစ်ဆေးကြပ်မတ်သင့်ပါတယ်လို့ ဆွေးနွေးချင်ပါတယ်။ ခွင့်ပြုချက်ထက်ကျော်လွန်လုပ်ကိုင်နေမှုတွေ ရှိပါကလည်း အလုပ်ရှင်များကို ဝန်ခံကတိလက်မှတ် ထိုးခိုင်းခြင်း၊ ထပ်မံကျူးလွန်ပါက ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ခြင်းလုပ်ပေးဖို့ လိုအပ်ပါတယ်။

အချိန်ပိုဆင်းရာမှာလည်း လုပ်ကိုင်လိုသူအလုပ်သမားများရဲ့ သဘောဆန္ဒနဲ့အညီ လုပ်ကိုင်ဆောင်ရွက်ဖို့လိုကြောင်း လေ့လာတွေ့ရှိရပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဥပဒေနဲ့အညီ ကြီးကြပ်စွာ ဖြေရှင်းဆောင်ရွက်ရန်နဲ့ ပတ်သက်လို့ အလုပ်ရုံစစ်ဆေးရေးအရာရှိများဟာ စက်ရုံ၊ အလုပ်ရုံများကို စစ်ဆေးပြီး ညွှန်ကြားချက်များပေးကာ လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီလုပ်ဆောင်ချက်များ ပီပြင်စွာ ဆောင်ရွက်နိုင်ဖို့ စစ်ဆေးရေးအရာရှိများ၊ စစ်ဆေးရေးဝန်ထမ်းများ၊ လိုအပ်ပါက ထပ်မံခန့်ထားနိုင်ရန် အကြံပြုဆွေးနွေးလိုပါတယ်။ လုပ်ငန်းခွင် မတော်မဆ ထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါကြိုတင်ကာကွယ်နိုင်မှုနဲ့ ကုန်ထုတ်လုပ်မှု တိုးတက်စေဖို့ ရည်ရွယ်ပြီးတော့ ယနေ့ ရန်ကုန်တိုင်း

ဒေသကြီးမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီ စုစုပေါင်း (၃၅၆)ဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒါတွေဟာလည်း အလုပ်သမားတွေ အတွက် ကောင်းတဲ့အချက်ဖြစ်သလို အလုပ်ရှင်နဲ့အလုပ်သမား ပြေလည်ဖို့အချက်ဖြစ်ပါတယ်။ လူမှုဖူလုံရေးအကျိုးခံစားခွင့်နဲ့ ပတ်သက်လို့ အလုပ်ရှင်နဲ့ အလုပ်သမား ကျယ်ပြန့်စွာသိရှိနိုင်ရန် သက်ဆိုင်ရာလူမှုဖူလုံရေးအဖွဲ့အလိုက် စက်ရုံအလုပ်ရုံများသို့ သွားရောက် ဆွေးနွေးဟောပြော စည်းရုံးကာ အဖွဲ့ဝင်များဖြစ်လာစေရေးအတွက် ဆောင်ရွက်ဖို့ လိုအပ်ကြောင်း အကြံပြုဆွေးနွေးလို ပါတယ်။ အလုပ်သမား အဖွဲ့အစည်းများရဲ့ လွတ်လပ်စွာ ဖွဲ့စည်းရန် အလုပ်သမား၊ အလုပ်ရှင် အငြင်းပွားမှုကို စနစ်တကျဖြေရှင်းဆောင်ရွက်ရန်နှင့် အလုပ်သမား၊ အလုပ်ရှင်ညီညွတ်မျှတစေရန်နှင့် စပ်လျဉ်းလို့ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ပြီးဖြစ်ပါကြောင်း ဥပဒေနဲ့အညီ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်ရှင် များလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနဲ့ပတ်သက်လို့ ILO နဲ့ပူးတွဲပြီး အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရ သုံးပွင့်ဆိုင် အသိပညာပေး အလုပ်ရုံဆွေးနွေးမှုများကို ကျင်းပပေးခဲ့တဲ့အတွက် အလုပ်သမား အဖွဲ့ချုပ်တွေ၊ အလုပ်ရှင်အဖွဲ့ချုပ်တွေ၊ မြို့နယ်အလုပ်သမား အဖွဲ့အစည်းတွေ၊ မြို့နယ်အလုပ်ရှင် အဖွဲ့အစည်းတွေ၊ အခြေခံအလုပ်သမား အဖွဲ့အစည်းတွေ အခြေခံအလုပ်ရှင် အဖွဲ့အစည်းတွေ ဖွဲ့စည်းခဲ့ကြောင်း သိရပါတယ်။

အဲဒီဖွဲ့စည်းထားတဲ့အဖွဲ့အစည်းများရဲ့ တင်ပြချက်များ၊ ပြောဆိုချက်များကို အရေးတယူ မှတ်သားနားထောင်ပြီး လိုက်နာဆောင်ရွက်ဖို့လိုကြောင်း ဆွေးနွေးလိုပါတယ်။ အလုပ်ရှင်နဲ့အလုပ် သမား အငြင်းပွားမှု ဆုံးဖြတ်တဲ့အဖွဲ့အစည်းများဖြစ်တဲ့ မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့အား အငြင်းပွားမှုတွေကို ဖြေရှင်းရာမှာ ထင်သာ၊ မြင်သာရှိရေး ဆောင်ရွက်ပေးရေးကိုလည်း တင်ပြဆွေးနွေး လိုပါတယ်။ အဆိုရှင် တင်သွင်းသလို အလုပ်ရှင်နဲ့ အလုပ်သမား ပေါင်းသင်းစုစည်းနိုင်ဖို့အတွက် အလုပ်သမားရေးရာ အငြင်းပွားဖြေရှင်းမှု ဥပဒေ၊ နည်းဥပဒေများလည်း ပြဋ္ဌာန်းပေးခဲ့သလို အလုပ်သမားအဖွဲ့အစည်း များရဲ့ နည်းဥပဒေ၌လည်း အလုပ်ရှင်များ၏ တာဝန်ဝတ္တရားများကို ထည့်သွင်းထားတာ တွေ့ရမှာ ဖြစ်ပါတယ်။

၎င်းတို့ကတော့ အလုပ်ရှင်သည် မိမိလုပ်ငန်း၏ အလုပ်သမား အဖွဲ့အစည်းများကို အလုပ်သမားများအား ကိုယ်စားပြုသည့်အဖွဲ့အစည်းဖြင့် အသိအမှတ်ပြုရမည်။ အလုပ်ရှင်သည် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့၏ ထောက်ခံချက်ဖြင့် တာဝန်တစ်ခုခု ပေးအပ်ခြင်းခံရသော အလုပ်အမှုဆောင် အဖွဲ့ဝင် တစ်ဦးဦးအား အခြားနည်း သဘောတူညီသည့်မှအပ ယင်းတာဝန်ကို ထမ်းဆောင်ရန် တစ်လလျှင် နှစ်ရက်ထက် မပိုစေဘဲ ခွင့်ပြုပေးရမည်။ ယင်းတာဝန်ကို မိမိလုပ်ငန်း၏ မူလတော်တော်များများ ထမ်းဆောင်နေကဲ့သို့ မှတ်ယူရမည်။ အလုပ်ရှင်သည် အလုပ်သမား အဖွဲ့အစည်းများမှ မိမိအလုပ်သမားများ၏အကျိုးအတွက် အကူအညီ တောင်းခံလာလျှင် တတ်နိုင် သရွေ့ ကူညီပေးရမည်။ သို့ရာတွင် အလုပ်ရှင်သည် ငွေရေးကြေးရေး သို့မဟုတ် အခြားနည်းဖြင့် သို့မဟုတ် ထိန်းချုပ်လျှင် အလုပ်သမားအဖွဲ့အစည်းများ တည်ထောင်ခြင်း သို့မဟုတ် လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ခြင်းတို့ပြုရန် ရည်ရွယ်သည့် လုပ်နည်းလုပ်ဟန်များ မပြုလုပ်ရဟု ပြဋ္ဌာန်းထား တာတွေ့ရှိရပါသည်။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေနှင့် နည်းဥပဒေမှာလည်း

အခန်း(၇)၌ အလုပ်ရှင်၏တာဝန်များ အခန်း(၈)၌ အနည်းဆုံး အခကြေးငွေ နှင့် စပ်လျဉ်း၍ အလုပ်သမားများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ အဲဒီပြဋ္ဌာန်းချက်တွေကတော့ အကောင်အထည် ပေါ်လာတာနဲ့အမျှ တည်ငြိမ်လာတာနဲ့အမျှ အလုပ်သမားနဲ့အလုပ်ရှင်ဆက်ဆံရေး ကောင်းမွန်လာမည် ဖြစ်ကြောင်းထင်မြင်ယူဆမိပါတယ်။

အခြေခံလစာနည်းပါးမှုပေါ်မူတည်ပြီး အလုပ်ရှင်နှင့်အလုပ်သမားပြဿနာ ဖြစ်နေတာကို ယနေ့တွေ့ရှိရပါတယ်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာမှာ ပြည်ထောင်စုအစိုးရနဲ့ ခွင့်ပြုချက်နဲ့ အနည်းဆုံး အခကြေးငွေနှုန်းထားကို ထုတ်ပြန်ကြေညာနိုင်တော့မှာမို့ အခြေခံလစာများ သတ်မှတ်နိုင်တော့မှာ ဖြစ်သဖြင့် အလုပ်ရှင်နဲ့အလုပ်သမားပြဿနာ လျော့နည်းလာမယ်လို့ မျှော်လင့်ပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေရဲ့ဝင်ငွေ၊ ထွက်ငွေ အကျိုးအမြတ်တွေကို တင်ပြမှုတွေမှာလည်း သိသာမြင်သာ ထင်ရှားမှု မရှိသေးပါဘူး။ သိသာထင်သာစွာ ပြလို့ရှိရင် အလုပ်သမားများလည်း နားလည်သဘောပေါက်ပြီး အလုပ်ရှင်နဲ့ အလုပ်သမား ပြဿနာ နည်းပါးသွားမယ်လို့ ယူဆမိပါတယ်။ ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်မှုမှာလည်း တစ်ဖက်နိုင်ငံရဲ့ အလုပ်သမားဥပဒေ ခိုင်မာမှုအပေါ် မူတည်ပြီး လုပ်ဆောင်ဖို့ လိုအပ်လျက် ရှိနေပါတယ်။

အလုပ်သမား စေလွှတ်မှုနဲ့ပတ်သက်ပြီး MoU ထိုးထားတဲ့နိုင်ငံများကတော့ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံတို့ ဖြစ်ကြောင်း သိရှိရပါတယ်။ အေဂျင်စီအသင်းချုပ် အချင်းချင်း သဘောတူစာချုပ် ချုပ်ဆိုပြီးတော့၊ အာမခံ ခိုင်းပြီးတော့ စေလွှတ်နေတယ်လို့လည်း သိရှိရပါတယ်။ အဲဒီလိုစေလွှတ်တဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူ အလုပ်သမားများအနေဖြင့်လည်း မိမိတို့သွားရောက်မည့်နိုင်ငံကို သေချာစွာ လေ့လာ၍ သွားရောက် လုပ်ကိုင်စေရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ယခုအစိုးရလက်ထက်မှာ ပွင့်လင်းမြင်သာမှု ရှိစွာနဲ့ အလုပ်သမား၊ အလုပ်ရှင်ကိစ္စများအပေါ် ဆွေးနွေးချက်များ ရှိနေကြောင်းတွေ့မြင်ရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း ဥပဒေ၊ နည်းဥပဒေ အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ပြည်ထောင်စု လွှတ်တော်၊ အလုပ်သမား၊ အလုပ်ရှင်နှင့် အခွင့်အရေးလေ့လာရေးပူးပေါင်းကော်မရှင်၏ အစီရင်ခံစာပါ အကြံပြု တင်ပြချက်များကိုလည်း ထွက်ရှိနေပြီဖြစ်ပါသည်။ အဲဒီအကြံပြုတင်ပြချက်များအပေါ် မူတည်ပြီး ဝန်ကြီးဌာနအနေဖြင့် သုံးသပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးရေးကိုလည်း တင်ပြလိုပါတယ်။ ဒါအပြင် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့်လည်း ဥပဒေညွှန်ကြားချက်များ၊ စည်းကမ်းများအပေါ် အကောင်အထည်ဖော်မှု၊ လိုက်နာမှုကိုလည်း မပြတ်စစ်ဆေးကြပ်မတ်၍ အားနည်းချက်၊ အားသာချက် များကို သုံးသပ်ပြီးတိုးတက်အောင် ပြုပြင်ပေါင်းစည်းညှိနှိုင်းပေးခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမား ပေါင်းစည်းမှု ခိုင်မာတိုးတက်မှာကို ယုံကြည်ပါတယ်။ ဒါကြောင့် နိုင်ငံတော် အလုပ်ရှင်၊ အလုပ်သမား သုံးဦးသုံး ဖလှယ်အကျိုးရှိတဲ့ အကျိုးစီးပွား ရရှိလာမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြရင်း ကျွန်တော့်ရဲ့ ဆွေးနွေးမှုကို နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၅။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ရိုသေလေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ဒီနေ့ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်လို့ ကျွန်တော် ထောက်ခံဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ အလုပ်သမား လူတန်းစားဆိုတာ နိုင်ငံတော်မှာ ဒုတိယအများဆုံး လူတန်းစားတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း အင်မတန် အရေးကြီးတဲ့ လုပ်အားထု တစ်ရပ် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က လူထုလူတန်းစားကြီး အမြဲတမ်း အောင်မြင်တိုးတက်ဖို့အတွက် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် သက်ဆိုင်ရာ အလုပ်သမားတွေရဲ့ အလုပ်ရှင်၊ ပိုင်ရှင် ဒါမှမဟုတ်ရင် ကျွန်တော်တို့ စက်ရုံ၊ အလုပ်ရုံတွေရဲ့ ပိုင်ရှင်လုပ်ငန်းရှင်တွေကလည်းပဲ ဒါ အရေးကြီးတဲ့ကဏ္ဍမှာ ပါဝင်ပါတယ်။ အဲဒီတော့ ကျွန်တော်တိုက ဒီမိုကရေစီ၊ ဒီမိုကရေစီကနေ ဆိုရှယ်လစ်၊ ဆိုရှယ်လစ်ကတစ်ခါ၊ တပ်မတော်အစိုးရကနေ တစ်ဆင့် အခု ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံကို ပြန်လည်သွားတဲ့အခါမှာ အလုပ်ရှင်နဲ့အလုပ်သမားတွေရဲ့ ဆက်ဆံရေးဟာ ပုံစံအမျိုးမျိုးနဲ့ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒီအလုပ်သမားလူတန်းစားနဲ့ ပတ်သက်လို့ တောင်သူလယ်သမား လူတန်းစားကဲ့သို့ပဲ ဒါဆင်းရဲတဲ့ လူတန်းစား တစ်ရပ် ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့က အလုပ်ရှင်၊ အလုပ်ပိုင်ရှင်တွေဟာ ဒီအလုပ်သမား တွေရဲ့ကြားမှာ ကျွန်တော်တို့ ညီညီညွတ်ညွတ်နဲ့ လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော် ဒီမှာ အလျဉ်းသင့်လို့ တင်ပြချင်တာကတော့ စက်ရုံ၊ အလုပ်ရုံတွေသာမက မီးခိုးမထွက်တဲ့ စက်ရုံတွေလည်း ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ပင်လယ်ငါးဖမ်းတဲ့ လုပ်ငန်းတွေစတဲ့ လုပ်ငန်းကြီးတွေလည်း အများကြီး ရှိပါတယ်။ နောက် ကျွန်တော်တို့ တခြား သေးသေးကွေးကွေးလို့ ထင်ရတဲ့ ဇီးပြားကို နိုင်ငံခြားပို့တဲ့၊ ပဲကြော်ကို နိုင်ငံခြားပို့တဲ့ လုပ်ငန်းရှင်တွေ၊ သန်းကြွယ်သူဌေးတွေ အထိ ဒီပိုင်ရှင်များဟာ ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီအလုပ်ရှင်နဲ့ အလုပ်သမားတွေကြားထဲမှာ ကျွန်တော်တို့ မပြေမလည်တွေ ဖြစ်လာတဲ့အခါကျရင် ဒါ သူတို့ အကျိုးစီးပွားသာ ထိခိုက်တာတင် မကဘဲနဲ့ နိုင်ငံတော်ကိုလည်း ဒါပတ်သက်မှု ရှိလာပါတယ်။ ကောင်းကျိုး၊ ဆိုးကျိုးဆိုတာ ကျွန်တော်တို့ ခံစားရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ အလုပ်သမားထုဘက်ကနေ ပြန်လည်စဉ်းစား ကြည့်တဲ့အခါမှာ တစ်နေ့ လုပ်မှ တစ်ခါ ကျွန်တော်တို့ စားရတဲ့ကိစ္စ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြဿနာ မဖြစ်တာ အကောင်းဆုံး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ အစပါ။ အလုပ်သမားတွေဘက်ကလည်းပဲ တက်တက်ကြွကြွနဲ့ အလုပ်လိုချင်တဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ အလုပ်ရှင်တွေကလည်းပဲ တိုးချဲ့ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်အတွက် လုပ်မယ်ဆိုတဲ့ စိတ်မျိုးလည်း ကျွန်တော်တို့ ရှိနေပါတယ်။ သို့သော် ကြားကနေပြီးတော့မှ မသင့်မလျော်ဖြစ်အောင် ပြဿနာ တစ်စုံတစ်ရာ ဖြစ်အောင် လုပ်ပေးနေတဲ့၊ လုပ်နေတဲ့ပုဂ္ဂိုလ်များ လည်း ကျွန်တော်တို့ ရှိတယ်လို့ ယူဆပါတယ်။

ဒါကြောင့်မို့ တစ်ခါတလေမှာ မဖြစ်သင့် မဖြစ်ထိုက်တဲ့ ပြဿနာတွေဟာ ဖြစ်လာတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရပိုင်းကလည်းပဲ မလွှဲမရှောင်သာ ပါဝင်ပတ်သက်ခဲ့ ရတာတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီပြဿနာ တစ်ခုခုဖြစ်မှ သွားရောက်ဖြေရှင်းရတာ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးရတာ မဟုတ်ဘဲနဲ့ အခါမလပ် ကျွန်တော်တို့ အလုပ်ရှင်တွေကြားထဲမှာရော၊ အလုပ်သမားတွေ ကြားထဲမှာရော ကျွန်တော်တို့ သွားရောက်ပြီးတော့ အသိပညာပေးတာတွေ၊ ညှိနှိုင်းဆောင်ရွက်ပေးတာတွေကို ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စက်ရုံ၊ အလုပ်ရုံတွေကို အုပ်ချုပ်ခဲ့ရတာ အတွေ့အကြုံ (၁၀)နှစ်ခန့် ရှိပါတယ်။ အဲဒီတော့ တချို့စက်ရုံဟာ အလုပ်သမား ထောင်ချီပြီးတော့ ရှိပါတယ်။ ဒီအလုပ်သမားတွေဟာ မနက်(၇)နာရီမှာ အလုပ်ဆင်းရတယ်။ ညနေ (၄)နာရီမှာ ကျွန်တော်တို့ စက်ရုံကနေပြန်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ သူတို့ရဲ့နေ့လယ်စာ စားသုံးဖို့ နိစ္စဓူဝ မိသားစုကို ထောက်ပံ့ကျွေးမွေးဖို့ဆိုတာ အများကြီး ကျွန်တော်တို့ အခက်အခဲ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အလုပ်ရှင်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ဒါ ကြည့်ရှုမပေးဘူး၊ မိသားစုစိတ်ဓာတ်ကဲ့သို့ သာရေးနာရေးတွေမှာ မစီစဉ်ပေးနိုင်ဘူးဆိုရင် ကျွန်တော်တို့ ဒီအလုပ်သမားတွေမှာ အများကြီး အခက်အခဲရှိပါတယ်။

အဲဒီတော့ အခုဆိုရင်တော့ ဥပဒေတွေလည်း ကျွန်တော်တို့ ပြဋ္ဌာန်းပေးပြီးပါပြီ။ အချို့လည်းပဲ ပယ်ဖျက်တာတွေ ကျွန်တော်တို့ လုပ်နေပါတယ်။ အသစ်ရေးဆွဲဖို့လည်း လုပ်နေတာ ကျွန်တော်တို့ တွေ့ပါတယ်။ သို့သော် ကျွန်တော်တို့ဟာ အခု နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကို ကျွန်တော်တို့ ဖိတ်ခေါ်နေတဲ့ကာလ ပြည်သူလူထုကလည်း အလုပ်အကိုင်တွေကို အများကြီး လိုအပ်နေတဲ့ကာလမှာ ကျွန်တော်တို့ နိုင်ငံခြားတိုင်းပြည်က ရင်းနှီးမြှုပ်နှံမယ့်ပုဂ္ဂိုလ်တွေကလည်းပဲ ကျွန်တော်တို့ တိုင်းပြည်မှာ အလုပ်သမားထုတွေက ငြိမ်ငြိမ်သက်သက် ရှိသလား၊ ပူပူဆူဆူ ရှိသလား စသည်အားဖြင့် ကျွန်တော်တို့ ဒါကိုကြည့်နေတာ ဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ တိုင်းပြည်မှာ အလုပ်လုပ်ခ သက်သာပါတယ်။ ဒါကို ကျွန်တော်တို့ မက်လုံး ယူပြီးတော့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသမားတွေဟာ ဒီတိုင်းပြည်ကို လာရောက်လိုခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က လုပ်ခတိုးမြင့် တောင်းခံတယ်ဆိုတဲ့ကိစ္စမှာလည်းပဲ ကျွန်တော်တို့ မသိမသာ ဖြည်းဖြည်းချင်းတက်သွားမှ ရနိုင်မယ့် အခြေအနေ ရှိပါတယ်။ အဲဒီတော့ ဒီအလုပ်ရှင်၊ အလုပ်သမား ပေါင်းစည်းညီညွတ်ရေးဟာ ကျွန်တော်တို့ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ စည်းနဲ့ကမ်းနဲ့၊ နည်းနဲ့လမ်းနဲ့ ဥပဒေအရ ကျွန်တော်တို့ ဆက်လုပ်သွားမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ စက်မှုနိုင်ငံ အဖြစ် ကျွန်တော်တို့ အမြန်ဆုံး မရောက်နိုင်ဘူးလို့ ကျွန်တော်တို့ မပြောနိုင်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာအုပ်ချုပ်တဲ့ အစိုးရကလည်းပဲ ခုံသမာဓိ တရားသူကြီးလိုနေရာမျိုးကနေ မျှမျှတတဆုံးဖြတ်ပေးဖို့လည်း အရေးကြီးပါတယ်။ အထူးသဖြင့် အလုပ်သမား၊ အလုပ်ရှင်ဆိုတာ ကျွန်တော်တို့ ဝန်ကြီးဌာနတိုင်းနဲ့ ပတ်သက်တဲ့ အလုပ်ရှင်၊ အလုပ်သမားတွေ ရှိပါတယ်။ အဲဒီတော့ ဘယ်ဝန်ကြီးဌာနမှာပဲ ဖြစ်ဖြစ် အလုပ်ရှင်ဆိုတာလည်းရှိနေတယ်။ အလုပ်သမားဆိုတာလည်းရှိနေတယ်။

အဲဒီတော့ ဝန်ကြီးဌာနတိုင်းက ဒီလုပ်ငန်းတွေအတွက် ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ အထူးသဖြင့် ကျွန်တော်တို့ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အခွန် အကောက်ဥပဒေနဲ့ ကျွန်တော်တို့က လိုက်လျောညီထွေရှိမှသာလျှင် ဒီလုပ်ငန်းရှင်တွေဟာ ကျွန်တော်တို့ အလုပ်ကို ဆက်လက် လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီသက်ဆိုင်ရာဝန်ကြီးဌာနတွေက

သော်လည်းကောင်း၊ အခွန်အကောက်ဌာနကသော်လည်းကောင်း၊ အထူးသဖြင့် နိုင်ငံတော်ရဲ့ အခွန်အကောက်ကို ပြည်ထောင်စုလွှတ်တော်ကသာ ကျွန်တော်တို့ ပြဌာန်းတဲ့အတွက်ကြောင့်၊ ဆုံးဖြတ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ကလည်းပဲ ဒါတွေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမှာဆွေးနွေးတင်ပြချင်တာကတော့ ဒီအလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ ပြေပြေလည်လည်ရှိမှ ကျွန်တော်တို့က ဒါနိုင်ငံတော်အတွက်လည်း အကျိုးရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ အုပ်ချုပ်သူအစိုးရဆိုတဲ့အပိုင်းမှာ ဆင့်ကဲဆင့်ကဲ တာဝန်ခွဲခြားသတ်မှတ်ပြီးတော့ ကျွန်တော်တို့ အားလုံးအဆင်ပြေချောမွေ့အောင် လမ်းညွှန်ပေးဖို့၊ ရှင်းလင်းပေးဖို့လိုအပ်တဲ့အကြောင်း ကျွန်တော်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၁။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ စိတ်၏အေးချမ်းခြင်း၊ ကိုယ်၏ အေးချမ်းခြင်းနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မက ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ကျွန်မက ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာဆိုလို့ရှိရင် အခုအချိန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံအားလုံးပဲ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးစားပြီးတော့ ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ ကျွန်မတို့ စီးပွားရေးဆိုလို့ရှိရင်လည်း စီးပွားရေးဦးတည်ချက်(၄)ရပ်နဲ့ ချမှတ်ပြီးတော့ ဆောင်ရွက်နေတဲ့အချိန်၊ ချီတက်နေတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီမှာ အဲဒီစီးပွားရေး ဦးတည်ချက်(၄)ရပ်အနက်က စီးပွားရေးဦးတည်ချက် တစ်ရပ်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊ နောက်တစ်ချက်က နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေးဆိုတဲ့(၄)ခုအနက်က အဲဒီ(၂)ခုနဲ့ ပတ်သက်ပြီးတော့ အခုအဆိုဟာ တိုက်ရိုက်ပတ်သက်နေတာဖြစ်ပါတယ်။ ကျွန်မတို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂၉) အရဆိုလို့ရှိရင် လူတိုင်းသည်မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးကို လူ့အသိုက်အဝန်းအတွင်း၌သာ လွတ်လပ်ပြည့်ဝစွာ ဖွံ့ဖြိုးစေနိုင်သည်ဖြစ်၍ ယင်းအသိုက်အဝန်းအပေါ် တာဝန်ရှိသည်လို့ ဒီမှာအဲဒီလိုဖွင့်ဆိုထားပါတယ်။ အဲဒီတော့ကာ ဒီကျွန်မတို့ အလုပ်သမားတို့၊ အလုပ်ရှင်တို့ဟာ ဒီလုပ်ငန်းခွင်နဲ့ ပတ်သက်ပြီးတော့ ဒီလုပ်ငန်းခွင် ဖွံ့ဖြိုးဖို့၊ တိုးတက်ဖို့၊ ဒီအလုပ်သမားတွေ သူတို့မှာရှိတဲ့ ကိုယ်ရည်ကိုယ်သွေးတွေရဲ့ အစွမ်းအစတွေကိုပြဖို့၊ နောက်တစ်ခါ အလုပ်ရှင်တွေရဲ့ အရည်အချင်းတွေကိုပြဖို့က ဒီအသိုက်အဝန်းမှာပဲ ဒါတိုက်ရိုက်ဆောင်ရွက်လို့ရတဲ့ အခြေအနေ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မတို့အခုသွားနေတဲ့ စီးပွားရေး ဦးတည်ချက်တွေအရဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံရဲ့၊ အစောကပြောသလို ကျွန်မတို့နိုင်ငံရဲ့ ဈေးကွက်စီးပွားရေး ပိုမိုပြီးတော့ ပီပြင်လာဖို့အတွက်

ကြိုးစားနေတဲ့အချိန်မှာ ပြီးခဲ့တဲ့အကြိမ်တုန်းက ဘယ်နှစ်ကြိမ် မြောက်ပါလိမ့်၊ ကျွန်မတို့ကို အလုပ်ရှင် အလုပ်သမား အခွင့်အရေးလေ့လာရေးပူးပေါင်းကော်မရှင်ကို ကျွန်မတို့ ဖွဲ့ပေးခဲ့တဲ့အခါ ကျွန်မတို့က စက်ရုံ၊ အလုပ်ရုံတွေကိုသွားပြီးတော့ လေ့လာခဲ့ဖူးပါတယ်။ အဲဒီအခါကျတော့ ဘယ်လိုဟာတွေက စိန်ခေါ်မှုတွေဖြစ်တယ်ဆိုတာ ကျွန်မတို့က အဲဒီမှာ တွေ့ခဲ့ပါတယ်။ အဲဒီတော့ကာ ကျွန်မတို့ အလုပ်သမား တွေဖက်ကလည်း အားနည်းချက်တွေရှိသလို အလုပ်ရှင်တွေဖက်ကလည်း အားနည်းချက်တွေ ရှိပါ တယ်။ အဲဒီတော့ ကျွန်မတို့ အခုအဲဒါတွေ အကုန်လုံးကို လေ့လာလိုက်တဲ့အခါမှာ အခု ဒီ အလုပ်ရှင် အလုပ်သမားဆိုတဲ့ဟာလေးနဲ့ ပတ်သက်ပြီးတော့ နည်းနည်းကြုံကြိုက်တဲ့အတွက်ကြောင့်မို့လို့ ၁၃၀၀ ပြည့်တုန်းက အလုပ်သမားတွေတောင်းဆိုတဲ့ အချက်ကလေးတွေကို လေ့လာတဲ့အခါမှာ အခုဖြစ်နေတဲ့ အချို့သောအချက်အလက်နဲ့ အခြေအနေများဟာ အဲဒီတုန်းက အလုပ်သမားတွေ ကြုံခဲ့ရတာနဲ့ နည်းနည်းဆင်တူတာတွေ သွားပြီးတော့ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်မလည်း ဒီဟာလေးကို ကြုံကြိုက်တုန်းမှာ ကျွန်မ အနည်းငယ် တင်ပြခွင့်ပြုပါ။ ဘာဖြစ်လို့လည်းဆိုတော့ ဒီဖြစ်စဉ်မှာ ပါဝင်မယ့် အလုပ်ရှင်ရော၊ အလုပ်သမားရော(၂)ဦးစလုံးဟာ အခြေအနေအချို့ကို ကြုံကြိုက်တဲ့အခါမှာ လေ့လာခွင့်ရှိတယ်။ လေ့လာစေချင်တယ်။ ကျွန်မအဲဒီလိုစေတနာနဲ့ ဒါလေးကို နည်းနည်း တင်ပြခွင့်ပြုပါ။

အဲဒါကတော့ ချောက်ရေနံမြေ လုပ်သားထုအစည်းအဝေးနဲ့ တောင်းဆိုချက်တွေထဲက ကျွန်မ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်နေ့မှာ အောက်လွှတ်တော်အမတ် ဦးဘလှိုင် က သဘာပတိအဖြစ် ဆောင်ရွက်ပါတယ်။ လုပ်သားအားလုံးပေါင်း၊ အလုပ်သမားအားလုံးပေါင်း (၅၀၀၀)ကျော် တက်ရောက် ပြီးတော့ တောင်းဆိုချက်တွေ သူတို့ အဲဒီ အစည်းအဝေး ဆုံးဖြတ်ချက်အရ တောင်းဆိုပါတယ်။ အဲဒီမှာ အမှန်ကတော့ ဒီဟာ သူက မြစ်ဖျားခံရာ ရှိပါတယ်။ အလုပ်သမား သူတို့ရဲ့ခေါင်းဆောင်ဖြစ်တဲ့ မောင်ခင်ကို အလုပ်ထုတ်လိုက်ရာက နေပြီးတော့ သူတို့က တောင်းဆိုတယ်။ နောက်ကျတော့ အဲဒီ မောင်ခင် ကို ခြွင်းချက်အနေနဲ့ ပြန်ခန့်တယ်။ သို့သော်လည်း အဲဒီ မောင်ခင် ကို ပြန်ခန့်ရင်းနဲ့ နောက်မှာ သူတို့က နောက်ကျလို့ရှိရင် ခွင့်မဲ့ပျက်ကွက်ရင် ဘယ်လိုထုတ်ပစ်မယ်ဆိုတဲ့ဟာ ပါတဲ့အခါ ကျတော့ အဲဒီနောက်ပိုင်းမှာ အရင်တုန်းက မကျေနပ်ချက်တွေရယ်၊ အဲဒီလတ်တလောကြုံတဲ့ မကျေနပ်ချက်တွေရယ် အကုန်လုံးစုပြီးတော့မှ ဒါဖြစ်တဲ့အတွက် ဒီအဆိုတွေ၊ တောင်းဆိုချက်တွေ ပေါ်လာတာဖြစ်ပါတယ်။ အဲဒီတော့ မောင်ခင် ကို အလုပ်ပြန်ခန့်စဉ်မှာ နောက်နောင် ခွင့်မဲ့ ပျက်ကွက်သော အလုပ်သမားကို အလုပ်မှထုတ်ပစ်မည်ဟု ပါရှိရာ ယခင်က အသိပေးခဲ့ခြင်း မရှိသော ကုမ္ပဏီအား ရှုတ်ချသည်။

နောက်တစ်ခုက အလုပ်မှထုတ်မည်ဆိုရင် လုပ်သားများကို အရင်ကလိုပဲ လစာနှုန်း ထားပေးရန် တောင်းဆိုမည်။ နောက်တစ်ခုက ဘာသာရေးဆိုင်ရာနေ့များအတွက် ခွင့်(၁၀)ရက်ပေးရန်၊ အဲဒီမှာ နောက်တစ်ခုက ပျမ်းမျှလစာကို ခွင့်တစ်လ၊ နောက်တစ်ခါ ပျမ်းမျှလစာနဲ့ သူကလုပ်သက်ခွင့် သဘောပါပဲ၊ ရှောင်တခင်ခွင့်ကို (၁၁)ရက်၊ မေဒေးအတွက်က (၁)ရက်၊ နောက်အမျိုးသားနေ့ အတွက်က(၁)ရက်၊ (၃)ရက်အတွင်း ဒီသူတို့တောင်းတာတွေကို (၃)ရက်အတွင်းမှာ အကြောင်းမပြန်ကြား ဘူးဆိုလို့ရှိရင် သပိတ်တိုက်ပွဲကို သူတို့ကဆက်လက်ပြီးတော့မှ ဆင်နွှဲမယ်။ နောက် BOC ကျောင်းများကို ကိုယ်စားလှယ်နှင့် အလုပ်သမားကိုယ်စားလှယ်(၂)ဦးမှ ကြီးကြပ်ပေးရန်၊ အဲဒီမှာ BOCမှာ ကလေးတွေ

ထားတဲ့ ကျောင်းလေးတွေကို၊ စာသင်ကျောင်းတွေကို ကိုယ်စားလှယ်နဲ့ BOCကုမ္ပဏီ ကိုယ်စားလှယ်နဲ့ အလုပ်သမားကိုယ်စားလှယ်နဲ့က ကြီးကြပ်ပြီးပေးပါလို့ တောင်းဆိုတာဖြစ်ပါတယ်။

အလုပ်သမားဗျူရိုကို ဖျက်သိမ်း၍ ၎င်းအစား ကုမ္ပဏီကိုယ်စားလှယ်နဲ့ အလုပ်သမားအစည်းအရုံးကိုယ်စားလှယ်များဖြင့် အစားထိုးရန်၊ နောက်တစ်ခုက ဆန်ဂိုထောင်ကို ကုမ္ပဏီ ကိုယ်စားလှယ်နှင့် အလုပ်သမားအစည်းအရုံး ကိုယ်စားလှယ်(၂)ဦးက ကြီးကြပ်ရန်၊ နောက်တစ်ခုက လုပ်သားထု၏ လုပ်ငန်းခွင်ကို အနှောင့်အယှက်ဖြစ်စေပြီး လုပ်သားထုကို ခြိမ်းခြောက်သော BOC စုံထောက်ကို ရှင်းလင်းဖယ်ရှားပေးရန်၊ နောက် BOC ဆေးရုံ၌ ကုမ္ပဏီစရိတ်နှင့် အစိုးရ ကျန်းမာရေးအရာရှိတစ်ဦးနှင့် ဆရာဝန်(၂)ဦးကို အလုပ်သမား အစည်းအရုံး သဘောတူညီချက်ဖြင့် ခန့်ထားရန်၊ နောက်တစ်ခုက အလုပ်သမားတန်းလျား၊ မီးဖို၊ အိမ်သာ စသည်များမှာ အလွန်သေးငယ်ပါသဖြင့် ၎င်းတို့ကိုဖျက်သိမ်း၍ ကြီးကြီးဆောက်ပြီးတော့ တံခါးများတပ်ပေးရန်၊ နောက် အခမဲ့လျှပ်စစ်မီးကို အလုပ်သမားတန်းလျားများ အတွင်း အတွင်းအပြင် အခမဲ့ထွန်းပေးရန်၊ တန်းလျားတွင် တန်းလျားအတွင်းအထိ ရေကိုရေပိုက်များ သွယ်ပေးရန်၊ နောက်တစ်ခုက အိုနာစာရန်ပုံငွေတွေကို သူတို့က ပြန်ထုတ်မပေးတဲ့အတွက် အိုနာစာရန်ပုံငွေကို ပြန်ထုတ်ပေးရန်၊ နောက်မလိုအပ်ဘဲ၊ အကြောင်းပြချက်မရှိဘဲ အလုပ်သမားများကို အလုပ်ထုတ်သော လေဘာဗျူရိုကို ဤအစည်းအဝေးကြီးမှ ရှုတ်ချသည်တဲ့။

နောက်တစ်ခါ မြန်မာအလုပ်သမားများ၏ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး အစည်းအဝေးများကို ဓမ္မာရုံ၌ ကျင်းပခွင့်ပေးရန်၊ နောက် IBPC နှင့် ROC ကုမ္ပဏီများ၌ အလုပ်သမားများ၏ အလုပ်ချိန်(၈)နာရီ သာဖြစ်စေရန်၊ သူတို့က(၁၂)နာရီအထိ ခိုင်းတယ်လို့ လေ့လာရပါတယ်။ တာဝန်ချိန်၌ ဖိနပ်ပြာများ စီးခွင့်နှင့် အချိန်ပိုလုပ်ရလျှင် အချိန်ပိုလုပ်ခပေးရန်၊ အချိန်ပိုခိုင်းပြီးတော့လည်း အချိန်ပိုလုပ်ခတွေ မပေးဘူး၊ အလုပ်ခွင်မှာလည်း ဖိနပ်စီးခွင့်မပေးဘူး ဆိုတာက ဆေးရုံအမှုထမ်းတွေက ကင်းဘတ်ရှူး စီးတဲ့အခါမှာ မစီးရဘူးလို့ဆိုတာကိုတွေ့တဲ့အတွက် သူတို့က ဒါကို တရားဝင် တောင်းဆိုတာ ဖြစ်ပါတယ်။ ယခင်က ပြောခဲ့သည့်အတိုင်း ဒါကတော့ သူတို့ ကတိရှိလို့ပါ၊ ယခင်ကပြောခဲ့သည့် အတိုင်း တနင်္ဂနွေနေ့ဖြစ်သော ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နေ့တွင် ဆန်ဂိုထောင် အမြတ်ငွေကို ရှင်းပေး၍ ၁၀ ရက်နေ့တွင် တနင်္လာနေ့ ရုံးချုပ်တွင် လစာပေးရန်၊ နောက်တစ်ခါ ရေနံတွင်းများ၌ မြန်မာအလုပ်သမားများကို အလုပ်ပြန်လုပ်ခွင့်ပေးရန်ဆိုပြီးတော့ အဲဒီလို သူတို့ အချက်အလက်တွေနဲ့ တောင်းပါတယ်။ အဲဒီလိုတောင်းပြီးတဲ့အခါကျတော့ ဒီသူတို့အစည်းအဝေးမှာ သဘာပတိလုပ်တဲ့ ဦးဘလှိုင် က ပြန်ပြီးတဲ့အခါကျတော့ သူကလွှတ်တော်မှာ ဥပဒေကြမ်း ပြန်ပြီးတော့ တင်ပါတယ်။

အဲဒီဥပဒေကြမ်းကတော့ သူက အလုပ်သမားတွေဘက်က နစ်နာတဲ့အချက်တွေကို သူက တောင်းဆိုပေးထားတာဖြစ်ပါတယ်။ ဦးဘလှိုင် က ရန်ကုန်မြို့ အိန္ဒိယတိုင်းရင်းသားမဟုတ်သော အလုပ်သမားကိုယ်စားလှယ် ဖြစ်ပါတယ်။ တင်သွင်းတဲ့ ဥပဒေကြမ်းက ၎င်းဥပဒေကြမ်းတွင် အကြောင်းမဲ့ အလုပ်သမားများအား အလုပ်ဖြုတ်ခြင်း၊ ရာထူးချခြင်း၊ လုပ်ခလျှော့ခြင်း၊ ကိုယ်စိတ်ဆင်းရဲစေခြင်းများကို အလုပ်ရှင်က ပြုလုပ်ခဲ့လျှင် ငွေဒဏ်(၅၀၀)ကျပ် အထိအပြစ်ဒဏ်ကိုသော်လည်းကောင်း၊ အလုပ်မဲ့ ထောင်ဒဏ်(၃)လကိုသော်လည်းကောင်း ကျခံစေရမည်လို့ ဥပဒေကြမ်းမှာပါရှိခဲ့ပြီး ပထမတန်း ရာဇဝတ် တရားသူကြီး(၁)ဦး၊ အလုပ်ရှင်ကိုယ်စားလှယ်(၂)ဦး၊ အလုပ်သမားကိုယ်စားလှယ်(၂)ဦး ပါဝင်သော လုပ်ခနှုန်းထားသတ်မှတ်ရေးအဖွဲ့ ဖွဲ့စည်းပြီး အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်ပေးရမည်လို့ အဲဒီ

ဥပဒေကြမ်းမှာ ပါရှိပါတယ်။ ၎င်းဥပဒေကြမ်းတွင် သမဂ္ဂထူထောင်ပိုင်ခွင့်၊ ပုတ်ပြတ် အလုပ်သမားများအား လပေးစနစ် ပြောင်းပေးရန်၊ အလုပ်သမားများအား တစ်နှစ်လစာပြည့် ရှောင်တခင်ခွင့်ရက် (၁၀)ရက်၊ တစ်ပတ်လျှင် လစာပြည့်အလုပ်နားရက် တစ်ရက်ခွဲ ပေးရန်၊ အခြားရုံးပိတ်ရက်ပေါင်း (၄၀)ပေးရန် စသည်တို့ပါဝင်တဲ့ ဥပဒေကြမ်းကိုတင်ခဲ့တယ်လို့ ကျွန်မတို့လေ့လာတွေ့ရှိရပါတယ်။

အဲဒီတော့ ကျွန်မတို့အခု ကျွန်မတို့ သွားပြီးတော့ လေ့လာတဲ့အခါမှာ အလုပ်သမားတွေ တချို့အလုပ်ဆိုလို့ရှိရင်၊ တချို့အလုပ်သမားတွေဆိုလို့ရှိရင် လူမှုဖူလုံရေးမဝင်ရသေးဘူး။ လူမှုဖူလုံရေးမဝင်ရသေးတဲ့အတွက် လူမှုဖူလုံရေးခံစားချက် မရှိဘူး။ ဒါကတော့ ကျွန်မ အလုပ်သမားတွေဖက်ကနေပြီးတော့ လိုအပ်နေတဲ့အချက်ကလေးတွေကို ပြောပြတာပါ။ သို့သော်လည်း ကျွန်မတို့ ကုန်ထုတ်လုပ်မှု တိုးတက်ရေးနဲ့ ပတ်သက်ပြီးတော့ အခုဆိုလို့ရှိရင် နိုင်ငံတကာကနေပြီးတော့ ကျွန်မတို့ အထည်ချုပ်တွေကို လိုက်ပြီးတော့ စစ်ဆေးတဲ့အခါမှာ သူတို့ Production တကယ်ကောင်းကောင်းရဖို့အတွက် အလုပ်သမားတွေ ကျန်းမာဖို့လိုတယ်။ အလုပ်သမားတွေနဲ့ လုပ်ငန်းခွင်အဆင်ပြေ ချောမွေ့ဖို့လိုတယ်။ နောက်တစ်ခါကျတော့ နိုင်ငံတကာကနေပြီးတော့ အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အကုန်လုံးကို စိတ်ဝင်စားနေတဲ့အချိန် ဖြစ်တဲ့အတွက် သူတို့ တချို့စက်ရုံတွေမှာဆိုလို့ရှိရင် သူတို့ထပ်ပြီးတော့မှ တခြားနိုင်ငံတွေနဲ့ Export လုပ်နေတဲ့ Garment တွေ ရှိပါတယ်။ အဲဒါတွေဆိုလို့ရှိရင် နိုင်ငံခြားကနေ ထပ်တိုးပြီးတော့ စာချုပ်ချုပ်တဲ့ စက်ရုံတွေရှိပါတယ်။

အဲဒါကြောင့်မို့ ကျွန်မက အဲဒီတုန်းက အလုပ်ရှင် အလုပ်သမားပူးပေါင်းက နေပြီးတော့ ကျွန်မ တင်ပြဖူးပါတယ်။ သူတို့မြေနေရာတွေ တောင်းတယ်။ နောက်ပြီးတော့ ကျန်တဲ့လိုအပ်ချက်တွေ လျှပ်စစ်ကအစ ဖြည့်ဆည်းပေးနိုင်ဖို့ဆိုပြီးတော့ အဲဒါမျိုးတွေလည်း ကျွန်မ အရင်တခါ အစီရင်ခံဖူးပါတယ်။ အဲဒီတော့ကာ အခုအလုပ်သမားတွေနဲ့ အလုပ်ရှင်ရဲ့ ကြားမှာရှိနေတဲ့ ဆက်ဆံရေးသည် တစ်ယောက်နဲ့တစ်ယောက် တကယ်နားလည်တယ်၊ တကယ် လိုက်လျောတယ်ဆိုလို့ရှိရင် အဲဒီဟာတွေအပေါ်မှာမှ ဒီကုန်ထုတ်လုပ်မှုစွမ်းအားဟာ အတော်ကို တိုးမြင့်လာမယ်။ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြင့်လာလို့ရှိရင် ကျွန်မတို့နိုင်ငံရဲ့ Import ၊ Export တွေ၊ နောက် ကုန်ထုတ်လုပ်မှုတွေ တိုးတက်ပြီးတော့ တကယ်နောက်ထပ် ထပ်ပြီးတော့ ဈေးကွက်ကလည်း ချဲ့ထွင်လို့ရတယ်။ အဲဒီအခါကျတော့ နိုင်ငံတော်မှာ ဝင်ငွေများလည်း တိုးတက်လာမယ်။ အလုပ်သမားတွေလည်း ပိုပြီးတဲ့အခါကျတော့မှ အလုပ်လက်မဲ့နှုန်း လျော့သွားပြီးတဲ့အခါကျတော့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကိုလည်း ကျွန်မတို့က အတော်ကြီး အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဆရာဒေါက်တာဦးမြင့်ကြည် တင်တဲ့ အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေး၊ ပူးပေါင်းဆက်ဆံရေးကို တိုက်တွန်းတဲ့အခါမှာ အများကြီးပဲ အညမည သဘောတရားနဲ့ ဒီဟာရဲ့ ဆက်ဆံရေးကောင်းမွန်မှုအပေါ်မှာ၊ နားလည်မှုအပေါ်မှာ၊ ညှိနှိုင်းဆွေးနွေးအောင်မြင်မှုတွေအပေါ်မှာ နောက်ထပ်ရလာမယ့်အကျိုးအမြတ်တွေက ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီးကိုပဲ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ကျွန်မကတော့ ဒီအခု လက်ရှိလောလောဆယ်မှာရှိနေတဲ့ အလုပ်သမားနဲ့ အလုပ်ရှင်ကြည့်တဲ့အခါမှာ အရေးအကြီးဆုံးက ဘာလဲဆိုတော့ သူတို့ရဲ့ စာချုပ် ဖြစ်ပါတယ်။ အခုလောလောဆယ်ကိုပဲ ကျွန်မဆီကိုရောက်လာတဲ့ တိုင်တဲ့စာတွေ ရှိပါတယ်။ အဲဒါတွေကတော့ လောလောဆယ်ကိုပဲ ကျောက်ဆည်က ကံကောင်းခြင်း ရတနာသစ်အချောထည်က အခုပြီးသွားပြီဆိုပြီးတော့ ကျွန်မတို့ သတင်းစာမှာ ပါ ပါတယ်။

သို့သော်ငြားလည်းပဲ မနေ့ညကပဲ ကျွန်မဆီကို အဲဒီကနေပြီးတော့ သူလည်းခေါ်ပြီးတော့ ညှိတဲ့အထဲမှာ သူက အကျိုးဆောင်အနေနဲ့ ပါရာကနေပြီးတော့ နည်းနည်း သူလည်းနည်းနည်း ဒုက္ခ ရောက်ခဲ့ပါတယ်။ သူလည်း ကျွန်မဆီကို ရောက်လာတယ်။ ပြောပြတယ်။ ဘာလဲဆိုတဲ့အခါကျတော့ အားလုံးပေါင်း (၉၀၀) ကျော်နဲ့ ဒီစက်ရုံပိုင်ရှင်နဲ့ ဖြစ်တဲ့အခါမှာ အဲဒီ(၉၀၀)ကျော်ကို ဘယ်လိုမှ သူတို့အချက် (၄)ချက် တောင်းတဲ့ အထဲကနေပြီးတော့ ပထမတစ်ချက်မှ မပေးနိုင်ဘူး။ မပေးနိုင်ဘူး။ ဘယ်အချက်ကိုမှ မလိုက်လျောနိုင်ဘူး ဆိုရာကနေပြီးတော့ နောက်ဆုံးတော့ ညှိလို့ရပြီဆိုပြီးတော့ ဘာဖြစ်သွားလည်းဆိုတော့ အားလုံးကိုပဲ၊ အဲဒီ(၉၀၀)ကျော်လုံး အားလုံးကိုပဲ လျော်ကြေးပေးပြီးတော့ ထုတ်ပစ်လိုက်တယ်။ အဲဒီ တော့ကာ ပါတာကတော့ အဆင်ပြေပြီးတော့ အဆင်ပြေသွားပြီ၊ အားလုံးဆိုပေ မယ့် တကယ်ကလေးတွေက အလုပ်ခွင်ကိုပြန်ဝင်ချင်တယ်။ အလုပ်လိုချင်တယ်။ သူတို့ညှိညှိနှိုင်းနှိုင်းနဲ့ သက်ဆိုင်ရာကနေပြီးတော့ တကယ်ဆောင်ရွက်ပေးစေချင်တယ်။ သို့သော်လည်း တကယ်ဖြစ်သွားတာ ကတော့ သူတို့အလုပ်ခွင်ကိုလည်း ပြန်မဝင်ရဘူး။ အလုပ်လည်းမရဘူး။ သူတို့လျော်ကြေးယူပြီးတော့ ထွက်သွားရပါတယ်။ အဲဒီလိုပဲ ရွှေပြည်သာစက်မှုဇုန်က Star Tax က သိုးမွေးအထည်ချုပ်ကလည်း ဒီလိုပဲ အလုပ်သမား အားလုံးပေါင်း(၁၈၀)ပါ။ သူတို့ကတော့ သူတို့ စောစောက ကျွန်မတို့ ၁၃၀၀ ပြည့်မှာပါသလို တစ်ခုပါပဲ။ သူတို့ အလုပ်သမားတွေအပေါ်မှာ ဆက်ဆံရေး အင်မတန်ညံ့တဲ့ လူတစ်ယောက်အတွက်နဲ့ တောင်းဆိုရင်းကနေပြီးတော့ အဲဒီ(၁၈၀)လုံးကိုလည်း ဒီလိုပဲ နောက်ဆုံး ဘယ်လိုမှ ညှိလို့မရတော့ဘဲနဲ့ သူတို့(၁၈၀)လုံးကိုပဲ လျော်ကြေးပေးပြီးတော့ ထုတ်ခဲ့တာ ဖြစ်ပါတယ်။ သိပ်မကြာသေးပါဘူး။ အခုနောက်ထပ် နေကြာစေ့၊ Sun နေကြာစေ့မှ အလုပ်သမား(၅၀)ကျော်လည်း ဒီလိုပဲ တောင်းရင်း တောင်းရင်းကနေ နောက်ဆုံးကျတော့ လျော်ကြေးပေးပြီးတော့ပဲ ထွက်လိုက်ရ ပါတယ်။

အဲဒီတော့ အခုလည်း သံတော်မြတ် ဘိလပ်မြေစက်ရုံက ကျွန်မဆီကို ဒီနေ့ အခုလေးတင်ပဲ စာတစ်စောင်ရောက်ပါတယ်။ သူတို့လည်း ဒီလိုပဲ အထုတ်ခံရတာပါ။ အဲဒီတော့ကာ ကျွန်မတို့က အခုလို ဒီမိုကရေစီ နိုင်ငံအသစ်ကြီးနဲ့ ကျွန်မတို့ စီးပွားရေးတွေ တိုးတက်အောင်၊ ဆက်ဆံရေးတွေ ကောင်းမွန် အောင်၊ ကုန်ထုတ်လုပ်မှုတွေတိုးတက်အောင် အားလုံးရည်ရွယ်ချက်တွေကိုယ်စီနဲ့ လုပ်နေကြတဲ့အချိန်မှာ ကျွန်မတို့အခုလိုမျိုး အဖုအထစ်လေးတွေ၊ စိန်ခေါ်မှုလေးတွေရှိတဲ့အခါကျတော့ အခု ဒေါက်တာဦးမြင့်ကြည် ရဲ့ အဆိုဟာ အင်မတန် ဒါအတွက်အသုံးဝင်မယ်လို့ ကျွန်မထင်ပါတယ်။ ယူဆပါတယ်။ ယုံကြည်ပါတယ်။ အဲဒီတော့ကာ ကျွန်မတို့ဒီ နိုင်ငံတော်ကို တကယ်ချစ်ရင်၊ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေချင်ရင် နိုင်ငံတော်မှာရှိနေတဲ့ လူမှုရေး၊ စီးပွားရေး အကုန်လုံးအတွက် တကယ်ကိုပဲ ဖွံ့ဖြိုးတိုးတက်စေချင်တယ် ဆိုလို့ရှိရင် အသိစိတ်ဓာတ်အပြည့်နဲ့ ကိုယ်တတ်နိုင်တာကို တတ်နိုင်သလို လိုက်လျောပြီးတော့ အကုန်လုံး အဆင်ပြေအောင် ဆောင်ရွက်စေချင်ပါတယ်။ သို့သော်လည်း အခုဖြစ်တဲ့ဟာက ပထမဖြစ်တဲ့ ကံကောင်းခြင်းရတနာကတော့ သူကပိုင်ရှင်က တရုတ်လူမျိုးလို့ ပြောပါတယ်။ နောက် ရွှေပြည်သာ စက်မှုဇုန်ကတော့ ပိုင်ရှင်က ထိုင်ဝမ် လို့ ပြောပါတယ်။

ကျွန်မတို့ အခုလက်ရှိအခြေအနေမှာ ကျွန်မတို့က နိုင်ငံခြားကနေပြီးတော့ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမယ့်သူတွေကို တကယ်ဥပဒေတွေလုပ်ပေးပြီးတော့မှ ကျွန်မတို့ကလည်း နွေးနွေးထွေးထွေးနဲ့ လက်ကမ်းကြိုဆိုနေတဲ့အချိန်မှာ၊ ဈေးကွက်စီးပွားရေးကို ကျွန်မတို့ ချဲ့ထွင်နေတဲ့အချိန်မှာ လိုအပ်တာတွေ ကို အလုပ်သမားအတွက် အာမခံချက်ရှိတဲ့ဟာ၊ နောက်နိုင်ငံတကာက ဝင်လာမယ့်လုပ်ငန်းရှင်တွေ

အတွက် အာမခံချက်ရှိမယ့်ဟာ အဲဒီဟာတွေကိုလည်း ဒီအလုပ်ရှင် အလုပ်သမားဆက်ဆံရေး အရေးကြီး သလို နိုင်ငံတော်ကလည်းဒါတွေကို မျက်ခြေမပြတ် အာမခံချက်ရှိတဲ့ဥပဒေတွေ လိုအပ်ရင် လိုအပ်သလို ဆောင်ရွက်ပေးဖို့ ကျွန်မက ဒီကနေပြီးတော့ မေတ္တာရပ်ခံချင်ပါတယ်။

အဲဒီတော့ ကျွန်မ ဒေါက်တာဦးမြင့်ကြည် ရဲ့ အဆိုနဲ့ပတ်သက်လို့ ကျွန်မကတော့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်မတို့နိုင်ငံကြီး လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အကုန်လုံးကို ကျွန်မတို့ အားကြိုးမာန်တက် အကုန်လုံး ကိုယ်စီကိုယ်ငှ အသိစိတ်ဓာတ်အပြည့်အဝနဲ့ ကျွန်မတို့ စေတနာမေတ္တာနဲ့ ဆောင်ရွက်နေကြတဲ့အချိန်မှာ ပြည်သူလူထုတွေရဲ့ လူမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ နောက်တစ်ခါ ကျတော့ စီးပွားရေးလည်းဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်လည်းဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းတည်ငြိမ်ရေး အကုန်လုံးအပေါ်မှာ တည်မှီနေတဲ့ ဒီတောင်သူလယ်သမားများ၊ အလုပ်သမားများ နိုင်ငံတော်အတွက် အင်မတန်အရေးပါတဲ့ ကဏ္ဍတွေ၊ အင်မတန်အရေးပါတဲ့ အလွှာ(၂)ခုဖြစ်တဲ့ ဒီတောင်သူလယ်သမား အလွှာနဲ့ အလုပ်သမားအလွှာအတွက် လိုအပ်တာတွေကို ကျွန်မတို့က တကယ်အညမည‌ဖြစ်နေတဲ့ အလုပ်သမားအတွက်ဆိုရင် အလုပ်ရှင်၊ တောင်သူလယ်သမားအတွက်ဆိုရင်လည်း တောင်သူလယ် သမားတွေရဲ့ လိုအပ်ချက်တွေကို ပံ့ပိုးပေးနေသူများအဖွဲ့အစည်းများ အကုန်လုံးပေါ့လေ၊ အဲဒီတော့ကာ ကျွန်မတို့ရဲ့ နိုင်ငံတော်ရဲ့ တကယ်လူမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်လာဖို့၊ အေးချမ်းတည်ငြိမ်လာဖို့၊ သာယာဖို့ ဆိုလို့ရှိရင် ကျွန်မတို့က ဒီစီးပွားရေးလည်းဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ လိုအပ်သလို လူ့စွမ်းအားအရင်း အမြစ်တွေလည်း တကယ်ပဲ သူ့နေရာနဲ့သူ အသုံးကျဖို့၊ သူ့နေရာနဲ့သူ အေးချမ်းသာယာစွာနဲ့ လုပ်ငန်းခွင် တွေမှာ အပြည့်အဝ လုပ်ကိုင်နိုင်ဖို့လိုပါတယ်။ ဒါကြောင့်မို့ ဆရာဦးမြင့်ကြည် ရဲ့အဆိုကို ကျွန်မက လှိုက်လှိုက်လှဲလှဲနဲ့ ထောက်ခံဆွေးနွေးရင်းနဲ့ အလုပ်ရှင်နဲ့ အလုပ်သမားအားလုံး ပူးပေါင်းပြီးတဲ့ အခါကျတော့မှ နိုင်ငံတော်ရဲ့ လိုအပ်နေတဲ့အချက်၊ အစောကပြောတဲ့ ဦးတည်ချက်တွေကို ပီပီပြင်ပြင် အကောင်အထည် ဖော်ပေးနိုင်ပါစေလို့ မေတ္တာပို့ရင်းနဲ့၊ ဆုတောင်းရင်းနဲ့ ကျွန်မ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(င)အရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ၂၁ ရက် အတွင်း ပြန်လည်ဖြေရှင်း ဆွေးနွေးနိုင်တဲ့အတွက် ၂၁ ရက်ပြည့်အောင် စောင့်ဆိုင်းပြီးမှသာ အဆိုနှင့် စပ်လျဉ်း၍လွှတ်တော်၏ အဆုံးအဖြတ် ရယူမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၄း၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]